မြန်မာ့အလင်း

၁၂၇၈ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၁၂)

ပြည်ထောင်စုစိတ်ဓာတ်၏ အနှစ်သာရများ

အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်များမှာ ပြည်ထောင်စုစိတ်ဓာတ်၏ အနှစ်သာရများဖြစ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားစဉ်။
(သတင်းစဉ်)

နက်ရှိုင်းမြင့်မြတ်သည့် နိုင်ငံရေးခံယူချက်ရှိသူများသာ နိုင်ငံတိုးတက်အောင် ဖန်တီးနိုင်မည် ကိုလိုနီသြဇာခံ ပဒေသရာဇ်ဉာဉ်မျိုးဖြင့် နိုင်ငံတိုးတက်မှုကို ဖန်တီးနိုင်မည်မဟုတ် အမြင်ကျဉ်းဝါဒီတချို့၏ မျှော်မှန်းချက်သည် ပြည်သူ့အကျိုးစီးပွားနှင့် လုံးဝဆန့်ကျင်နေ ပြည်သူများသည် ကိုလိုနီသြဇာခံ နယ်ချဲ့လက်ပါးစေများကို ယုံကြည်မှုမရှိ နိုင်ငံတော် ဖြစ်ပေါ်တိုးတက်မှုသမိုင်းတွင် နယ်ချဲ့လက်ပါးစေများအတွက် နေရာမရှိ

ရန်ကုန် မေ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားသည်။ ***ကျော်ဖုံးသို့*** ✡

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မေလ ၃ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ရေး နိုင်ငံသားတိုင်း ကျရာကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးတစ်ရာကျော် ပေါင်းစည်းနေထိုင်ကြသည့် နိုင်ငံဖြစ်သည်။ ပြည်ထောင်စုကြီး၌ ဖြစ်တည်နေသည့် ပြည်နယ်နှင့်တိုင်း ၁၄ခုတွင် အဆိုပါ တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းကာ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စုဝေးနေထိုင်လျက် ရှိကြသည်။

ထို့ကြောင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများအားလုံးသည် အစဉ်ထာဝရ စည်းလုံးညီညွတ်အောင် နေထိုင်သွားကြရမည်ဖြစ်သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့်ပင် အမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန်၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကချင်ပြည်နယ်ခရီးစဉ်အတွင်း ဧပြီလ ၂၆ရက်နေ့က မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်-

"နိုင်ငံသားတိုင်းတွင် မိမိနိုင်ငံနှင့် ပတ်သက်၍ မွေးရာပါ တာဝန်နှစ်ရပ်ရှိသည်ဟု ပြောကြားလိုကြောင်း၊ ယင်းတာဝန်နှစ်ရပ်မှာ မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် တာဝန်နှင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် တာဝန်တို့ဖြစ်ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံသားတိုင်းအနေဖြင့် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်သည့် တာဝန်ကို ထမ်းဆောင်ရာတွင် ဒို့တာဝန် အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍမှ ပါဝင်ကာကွယ်စောင့်ရှောက်သွားကြရန် ဖြစ်ပေသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအပေါ် ထိပါးမှုမှန်သမျှကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့်ပင် ဆန့်ကျင်တိုက်ဖျက်သွားကြရမည် ဖြစ်သည်။ ယင်းတာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါ တာဝန်တစ်ရပ် ဖြစ်ပေသည်။

ထို့အပြင် နိုင်ငံသားတိုင်းသည် မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်အဖြစ် ခံယူထားကြရမည်ဖြစ်ပြီး နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ အကောင်အထည်ပေါ်လာစေရန် သက်ဆိုင်သည့် အခန်းကဏ္ဍမှ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်သည်။

မြန်မာနိုင်ငံသည် တစ်ချိန်သောအခါက အရှေ့တောင်အာရှနိုင်ငံများတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်။ သို့ရာတွင် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေဖြစ်သည့် လက်နက်ကိုင် သောင်းကျန်းမှုများကြောင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျကျန်ရစ်ခဲ့ရသည်။

ယနေ့ကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲ၍ အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ ဆပွားတိုးတက်မြင့်မားလျက် ရှိနေပြီဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက မိမိတို့၏ မွေးရာပါတာဝန်နှစ်ရပ်ကို လက်ကိုင်ထား၍ ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃-၅-၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅း၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Health Care and Health Services (ဒုတိယနှစ်-အိမ်တွင်းစီးပွား)
၅း၂၅ ၈။ ပညာခေတ်
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွှာနဲ့ကြမ္မာ" (အပိုင်း-၁၈)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ West Bromwish Vs Arsenal°(Delay)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းခြွေလှေ့မှု တိုင်းမှူး ဗိုလ်ချုပ်ကိုကို စစ်ဆေး၊ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

ရန်ကုန် မေ ၂

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၉ ရက် နံနက် ၈ နာရီခွဲက ရေတာရှည်မြို့နယ်ရှိ ဆွာချောင်း ရေလှောင်တမံ၏ လက်တံမြောင်းအမှတ်(၂) ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းခြွေလှေ့မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းအေးနှင့် ဒေသခံတောင်သူများက လိုက်ပါ ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် တိုင်းမှူးသည် ယာယီ ရှင်းလင်းဆောင်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူ များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်ရှည် နွေစပါးစိုက်ပျိုးရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်း ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရေတာရှည်မြို့နယ် မြန်မာ့ကြံလုပ်ငန်း ကြံစိုက်ကွင်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား မြန်မာ့ကြံလုပ်ငန်း တောင်ငူဇုန်မန်နေဂျာ ဦးဗန်ရှိန်က ရေတာရှည်မြို့နယ် အတွင်း ကြံစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဧက ၁၂၀၀ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသော မြန်မာ့ကြံလုပ်ငန်းကြံစိုက်ခင်း၊ သကြားစက်ရုံကြံစိုက်ခင်းနှင့် ဒေသခံ တောင်သူများ၏ ကြံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

နံနက် ၁၀ နာရီတွင် တိုင်းမှူးသည် ရေတာရှည်မြို့နယ် မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန စံပြဝက်မွေး မြူရေးခြံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ပဲခူးတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဦးစိုးဝင်းက စံပြဝက်မွေးမြူရေးခြံ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ ဝက်များ မွေးမြူထားရှိမှုနှင့် ဝက်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ဝက်မွေးမြူရေးနှင့် ခြံအတွင်း ဝက်များ မွေးမြူထားရှိမှုနှင့် အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၈ရက်က ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နရံကပ်စာစောင်၊ ဓာတ်ပုံ ပြခန်းနှင့် ဟောပြောပွဲ ကျင်းပရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးမြင့်အေးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပေါ်ပေါက်လာပုံနှင့် ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

လှိုင်မြို့နယ်(၁၄) ရပ်ကွက် တိုက်(၁) အခန်း(၁) မြနန္ဒာအိမ်ရာနေ ဦးမောင်သိန်း - ဒေါ် အေးစိန် (ရွှေသိန်းဓာတ်ပုံတိုက်)မှ ဦးမောင်သိန်း ၏ မွေးနေ့အတွက် ဗိုဝိတ ဒါန သံဃာ့ဆေးရုံကြီး သို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေကလက်ခံယူစဉ်။ (က-ပ)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပိုလန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၃

၂၀၀၅ခုနှစ် မေ ၃ရက်တွင်ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပိုလန်သမ္မတနိုင်ငံသမ္မတ မစ္စတာ အာလက်ဇန်ဒါး ကွာဇနျူစကီးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ပိုလန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၃

၂၀၀၅ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ အာဒမ် ဒယ်နီရယ် ရော့တ်ဖဲလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီးဌာန၊ ဌာနဆိုင်ရာရုံးများ၏ ဓာတ်အားသုံးစွဲမှုများ ကြည့်ရှုစစ်ဆေး လျှပ်စစ်ဓာတ်အားခြိုးခြံချွေတာသုံးစွဲရေး တာဝန်ရှိသူများအားမှာကြား

ရန်ကုန် မေ ၂

လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီ အတွင်းရေးမှူး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်၊ ကော်မတီဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာရုံးများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးသို့ ရောက်ရှိကြပြီး ရုံးဌာနများအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေးအတွက် ဓာတ်အားကို စနစ်တကျစိစစ်သုံးစွဲရေး၊ နေ့အလင်းရောင်ရရှိချိန်တွင် လျှပ်စစ်မီးကို လိုအပ်သည့်နေရာများ၌သာ သုံးစွဲရေး၊ ရုံးခန်းများအတွင်းရှိ လျှပ်စစ်မီးနှင့် ပန်ကာများအသုံးပြုရာ၌ မီးခလုတ်တစ်ခုစီ သီးခြားတပ်ဆင်အသုံးပြုရေး၊ လျှပ်စစ်ပန်ကာနှင့် လေအေးစက်များကို ရာသီဥတုအခြေအနေအရ လိုအပ်မှသာ အသုံးပြုရန်တို့အတွက် တာဝန်ရှိသူများအား မှာကြားသည်။

သတ္တုတွင်းဝန်ကြီးဌာန

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးရုံးနှင့် ဌာနဆိုင်ရာရုံးများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲနေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးသို့ ရောက်ရှိကြရာအမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဝန်ကြီးရုံးနှင့် ရုံးဌာနများ၏ လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာသုံးစွဲမှု အခြေအနေများကို ရှင်းလင်းပြသသည်။

ခြိုးခြံချွေတာ

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ဓာတ်အားခြိုးခြံချွေတာသုံးစွဲရေးအတွက် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများအား မှာကြားကာ ညနေ ၄ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

နှစ်ရှည်ကြိုင်လှောက် ရွှေပိတောက်

❑ ချစ်တဲ့သူငယ်လေ သူငယ်ချင်းကောင်း
ရောင်းရင်းတို့လေး------
မြန်ပြည်တစ်ခွင် မိခင် ကလေး
စောင့်ရှောက်ရေးတွက် မနွေးဆောင်ပြီ
အသင်းသည်ကား ငြေ့သုံးဆယ်
ကိုးတစ်ဝယ်၌ ပြည့်ကြွယ်ပေါ်လစ်
နှစ်ရှည်မနွေး ဆယ့်လေးနှစ်ကြာ
ရှိလာခဲ့ဘိ မိခင် ကလေး
အရေးစုံစွာ ကျန်းမာဖို့ရေး
ပညာရေးနှင့် မနွေးဘဝ
ဆင့်မြင့်ကြရေး ရရှိကေန်
ရည်ရွယ်မှန်လျက် ဖွဲ့ပြန်တစ်ထို
ဗဟိုကောင်စီ စုံညီမှုဆောင်
နောင်ပြည်နယ်/တိုင်း မဆိုင်းခရိုင်
တူပြိုင်မြို့နယ် တစ်သွယ်ရပ်ကျေး
အလေးတမူ အရေးယူပြီး
ပြည်သူကောင်းကျိုး သယ်ပိုးခဲ့ပါ
ပညာကျန်းမာ စီးပွားပါလျက်
တစ်ဖြာလူမှု ပေါင်းလေးခုတွင်
ညွှန်းပြုစောင့်ရှောက် မြေတောင်မြှောက်လျက်
ထွန်းပေါက်စေရေး ဆောင်ရွက်ပေး၍
ကိုယ်ရေးမဖက် ထမ်းရွက်သည်မှာ
နှစ်ရှည်ကြာလည်း မာန်မှာမလျှော့
အားမလျှော့ဘဲ မလျှော့သေချာ
ပိတောက်ဝါတို့ များစွာတင့်ဆန်း
စဉ်ပွင့်လန်းသည် ပန်းကြိုက်ပြည်သူ့အကျိုးတည်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကိုဂုဏ်ပြုကြိုဆိုလျက်–

ဒေါက်တာသန်းဦး

အာဆီယံနိုင်ငံများအတွင်း အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုရေးစနစ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပရိုဂျက်ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂

အာဆီယံနိုင်ငံများအတွင်း အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုရေးစနစ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပရိုဂျက် (Enhancing Skills Recognition Systems in ASEAN Project) ဒုတိယအကြိမ်မြောက် ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံသံရုံးများမှ တာဝန်ရှိသူများ၊ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ဌာနအကြီးအကဲများ၊ ပရိုဂျက်အဖွဲ့ခေါင်းဆောင် သြစတြေးလျနိုင်ငံ အနောက်ဆစ်ဒနီတက္ကသိုလ်မှ ခေတ္တညွှန်ကြားရေးမှူး Professor Tim Turpin ခေါင်းဆောင်သော Project Team အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြော

အစီအစဉ်အရ ရှေးဦးစွာအလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က အဖွင့်အမှာစကားပြောကြားပြီး ပရိုဂျက်အဖွဲ့ခေါင်းဆောင် Professor Tim Turpin က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းပရိုဂျက်ကို အာဆီယံနှင့် သြစတြေးလျနိုင်ငံအစိုးရတို့၏ ကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများအတွင်း ကျွမ်းကျင်လုပ်သားများ ဒေသကူးပြောင်းအလုပ်လုပ်ကိုင်မှု (Labour Mobility) ကို အားပေးရန်အတွက် အဆိုပါလုပ်သားများ၏ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုကို အာဆီယံနိုင်ငံတိုင်းက အသိအမှတ်ပြုသည့်စနစ်များ အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်ရန်ဖြစ်သည်။

ဆွေးနွေးမည်

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပရိုဂျက်အဖွဲ့နှင့်အတူ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်တို့ တက်ရောက်ကာ သူနာပြုအကူ၊ ဂဟေဆက်နှင့် ကွန်ပျူတာနည်းပညာအလုပ်အကိုင်များနှင့် ပတ်သက်၍ အသေးစိတ်လေ့လာပြီး အာဆီယံနိုင်ငံတိုင်း လက်ခံနိုင်မည့် Regional Competency Standards များ ရေးဆွဲရေးအတွက် ဆွေးနွေးကြမည်ဖြစ်ကာ အလုပ်ရုံဆွေးနွေးပွဲကို မေ၃ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ်လေးထောင့်ကန် ရပ်ကွက် နေသူရိန် ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဧပြီ၃၀ရက်က လေးထောင့်ကန် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးညွှန့်လှိုင်၊ သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(ခရိုင်ပြန်/ဆက်)

တောင်ကိုရီးယားနိုင်ငံ စစ်သမိုင်းပြတိုက်၌ ကျောင်းသူကျောင်းသားလေးများ လေ့လာကြည့်ရှုနေကြသည်ကို ဧပြီ ၃၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်း ၂၀၀၉ ခုနှစ်၌ ၈ ဒသမ ၂ ရာခိုင်နှုန်း လျော့ကျသွားမည်ဟုဆို

ဂျကာတာ မေ ၁

အင်ဒိုနီးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ကုလသမဂ္ဂကခန့်မှန်းထားသည်ထက် မြန်ဆန်ပြီး ၂၀၀၉ခုနှစ်တွင် ၈ဒသမ ၂ရာခိုင်နှုန်း လျော့ကျသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီး အဘူရီဇာဘာကရီက ပြောကြားလိုက်သည်။

ယိုဂျာကာတာပြည်နယ်တွင် ကြာသပတေးနေ့ညနေပိုင်း၌ ဩစတြေးလျအစိုးရနှင့် သဘောတူချက်တစ်ရပ်ကို လက်မှတ်ရေးထိုးပြီးနောက် ဘာကရီက ကြိုတင်ခန့်မှန်းတွက်ဆချက်သည် နိုင်ငံတလွှား အခြေခံအဆောက်အအုံ လက်ရှိ ဖွံ့ဖြိုးမှုအပေါ် အခြေခံထားကြောင်း ပြောဆိုသည်။

ကိုးကားဖော်ပြ

အစိုးရသည် အခြေခံအဆောက်အအုံများကို ပုဂ္ဂလိက ကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှိန်မြင့်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘာကရီက ပြောကြားသည်ကို နစ်(စ)နစ်(စ)အွန်လိုင်းက ကိုးကားဖော်ပြခဲ့သည်။

ဖြည့်ဆည်းပေးနိုင်

သို့သော်လည်း အစိုးရသည် လာမည့်ငါးနှစ်အတွင်းအခြေခံအဆောက် အအုံများတည်ဆောက်မှုအတွက် လိုအပ်သည့် ငွေကြေးစုစုပေါင်း အမေရိကန် ဒေါ်လာ ၁၅၀ ဘီလီယံ၏ ၁၇ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အီရတ်၌အကြမ်းဖက်မှုအဆုံးသတ်ရန် ကုလအတွင်းရေးမှူးချုပ် မေတ္တာရပ်ခံ

ကုလသမဂ္ဂ မေ ၁

ဧပြီ ၂၉ရက်နေ့အစောပိုင်း၌ အစိုးရအဖွဲ့သစ်ခန့်အပ်မှုနှင့် အကြမ်းဖက် ရက်စက်မှုများ တစ်ချိန်တည်းဖြစ်ပေါ်ခဲ့ခြင်းသည် ဝမ်းနည်းစရာဖြစ်ကြောင်းပြောဆိုကာ အီရတ်၌ အကြမ်းဖက်မှု အဆုံးသတ်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က သောကြာနေ့၌ မေတ္တာရပ်ခံလိုက်သည်။

ညွှန်ကြားထား

ယင်းသို့သော အကြမ်းဖက် လုပ်ရပ်များကို ရှောင်ရှားပြီး ရပ်တန်းက ရပ်ကြရန် အီရတ်တို့အားလုံးကို မိမိမေတ္တာရပ်ခံကြောင်း နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် သတင်းထောက်များအား အာနန်က ပြောကြားသည်။ အီရတ်တို့သည် ၎င်းတို့၏ဘဝ အဆင်ပြေစေလိုကြောင်း၊ အီရတ်တို့လူ့အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရာတွင် မိမိတို့တတ်အားသမျှ အကူအညီပေးမည်ဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်ကို ရှေးရှုလျက် အီရတ်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန် မိမိ၏ အထူးကိုယ်စားလှယ်ကို မိမိညွှန်ကြားထားကြောင်း အာနန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သဘာဝဓာတ်ငွေ့သိုက် ခတ္တမန္ဒူတောင်ကြား၌ ရှာဖွေတွေ့ရှိ

ခတ္တမန္ဒူ မေ ၁

ခတ္တမန္ဒူတောင်ကြားဒေသ၏ အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် ကုဗမီတာသန်း ၃၀၀ရှိသော သဘာဝဓာတ်ငွေ့သိုက်သီးသန့်ဒေသကို နီပေါအာဏာပိုင်အဖွဲ့က ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

ဘူမိနှင့် သတ္တုတွင်းဌာန၏ လေ့လာချက်တွင် ရှာဖွေတွေ့ရှိခဲ့သည့် သဘာဝ ဓာတ်ငွေ့သိုက်သီးသန့်ဒေသသည် မိသားစုဝင် ငါးဦးရှိသော မိသားစု ၂၀၀၀၀အတွက် နှစ်၃၀သုံးစွဲရန် အလုံအလောက်ရှိကြောင်း ဖော်ပြချက်ကို သတင်းထုတ်ပြန် ကြေညာခဲ့သည်။

ယင်းသိုက်သီးသန့်ဒေသရှိ ဓာတ်ငွေ့များသည် မြေမျက်နှာပြင်အောက် မီတာ ၁၆၀အနက်တွင်ရှိသော ရေကြောအတွင်း၌ ရောနှောလျက်ရှိကြောင်း၊ ဓာတ်ငွေ့ထုတ်ယူသည့်အခါ ရေကိုလည်း စုပ်ထုတ်ရန်လိုအပ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

လေ့လာချက်တွင် ဓာတ်ငွေ့တစ်ကုဗမီတာသည် စွမ်းအင်ကီလို ၇၀၀၀ ကယ်လိုရီ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့စီးပွားရေးဆွဲငင်အား အာရှတိုက်သို့ ဦးတည် ရွေ့လျားလျက်ရှိ ကမ္ဘာ့စီးပွားရေးဖိုရမ် အာရှဆွေးနွေးပွဲတွင် ထောက်ခံအတည်ပြု

စင်ကာပူ မေ ၁

စင်ကာပူ၌ ကြာသပတေးနေ့ကကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် အာရှစားပွဲဝိုင်းဆွေးနွေးပွဲ ၂၀၀၅ခုတွင် ကမ္ဘာ့စီးပွားရေးဆွဲငင်အားသည် အာရှတိုက်ဆီသို့ ဦးတည်ရွေ့လျားနေသည်ဟူသောအချက်ကို အများက တညီတညွတ်တည်း သဘောတူထောက်ခံ အတည်ပြုခဲ့ကြသည်။

၎င်းဖိုရမ်တွင်ဂျာမနီနိုင်ငံ ဂျီအိုပို့စ်နိုင်ငံတကာ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေးဦးပိုင်၏အမှုဆောင်အရာရှိချုပ်ကလော်ဒီဘီဂဲလ်က ကမ္ဘာ့စီးပွားရေးဇာတ်ခုံတွင် အာရှတိုက်သည် အရေးကြီးသောအခန်းကဏ္ဍမှ အမှန်တကယ်လှုပ်ရှားပါဝင်နေပြီဖြစ်ကြောင်း သဘောတူထောက်ခံခဲ့သည်။

မြန်ဆန်

အဆိုပါ ဖိုရမ်၌ အာရှစီးပွားရေးကို တိုးတက်စေသည့်နိုင်ငံများအဖြစ် မှတ်ယူထားသော တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ တိုးတက်ဖြစ်ထွန်းမှု၏ အကျိုးသက်ရောက်မှုကိုလည်း ဆွေးနွေးခဲ့ကြသည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံ တို့၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုသည် ယခုရာစုနှစ်တွင် အံ့ဩဖွယ်အကောင်းဆုံးဖြစ်ကြောင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံ တို့သည် ကမ္ဘာတွင် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု အမြန်ဆန်ဆုံးနိုင်ငံများဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ်ရုံး ဝန်ကြီးရေမွန်လင်မ်စီယန်ကစ်က ပြောကြားသည်။

သာလွန်

၎င်းက တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံအဖြစ်ဖြင့် အမေရိကန်ပြည်ထောင်စုကို သာလွန်ခဲ့ပြီဖြစ်ကြောင်း ထောက်ပြပြောဆိုသည်။

စူးစမ်းလေ့လာသူအချို့က နှစ်၅၀အတွင်း၌ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး စီးပွားရေး ဖြစ်ထွန်းနိုင်သည့် နိုင်ငံအဖြစ် အမေရိကန်ပြည်ထောင်စုကို သာလွန်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံသည်လည်း နောက်ကကပ်လိုက်နေမည်ဖြစ်ကြောင်း ယူဆပြောဆိုခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆန္ဒပြ

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသည်ကို ဧပြီ ၃၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

၂၀၀၈ခုနှစ်လယ်၌ ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်မှု နှစ်ဆရှိမည်ဟု ယူအေအီးနိုင်ငံပြောကြား

အဘူဒါဘီ မေ ၁

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)သည် ကမ္ဘာတွင် ရေနံဓာတ်ငွေ့ရည်အများဆုံး တင်ပို့သော နိုင်ငံသုံးနိုင်ငံအနက် တစ်နိုင်ငံဖြစ်လာရေးအတွက် ၂၀၀၈ခုနှစ်လယ်၌ တစ်နှစ်လျှင် ရေနံဓာတ်ငွေ့ရည် (အယ်လ်ပီဂျီ) တန်၁၆သန်းအထိနှစ်ဆ တင်ပို့ရောင်းချရန် စီစဉ်ထားသည်ဟု ခါလီအက်ချ် တိုင်းမ်သတင်းစာက ဧပြီ ၂၉ရက် သောကြာနေ့၌ ဖော်ပြထားသည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာလ၌ ယူအေအီး၏ ဓာတ်ငွေ့ထုတ်လုပ်မှုသည် တစ်နေ့လျှင် ကုဗပေ ၈ဘီလီယံ (ကုဗမီတာ ၂၂၄သန်း)အထိရှိမည်ဟု ဆိုသည်။

ယူအေအီးနိုင်ငံ ဟက်ဘ်ရှန်ရှိ ဓာတ်ငွေ့ထုတ်လုပ်ရေးစက်ရုံသည် ကမ္ဘာ့အကြီးမားဆုံးစက်ရုံဖြစ်ပြီး တစ်နေ့လျှင် ကုဗပေ ၃ဒသမ ၅ဘီလီယံ (ကုဗမီတာ ၉၈သန်း) ထုတ်လုပ်နိုင်စွမ်းရှိသည်။ လာမည့် နှစ်နှစ်အတွင်း၌ ထုတ်လုပ်မှုပမာဏ တစ်နေ့ကုဗပေ ၅ဘီလီယံ (ကုဗမီတာ သန်း၁၄၀) ရှိမည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မိမိတပ်ဖွဲ့ဝင်များကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်ပြီးသေဆုံးဒဏ်ရာရစေမှု အမေရိကန် တပ်ကြပ်ကြီးတစ်ဦးအား သေဒဏ်အပြစ်ပေး

ဝါရှင်တန် မေ ၁

အမေရိကန်ပြည်ထောင်စု အမှတ်(၁၀၁)လေကြောင်းချီတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်နိုင်ငံသို့ ကျူးကျော်တိုက်ခိုက်ခြင်းမပြုမီ သူ၏တပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ကာသေဆုံးစေခဲ့မှုဖြင့် ကြာသပတေးနေ့ညက သေဒဏ်အပြစ်ပေးလိုက်သည်။

ပစ်ခတ်

၂၀၀၃ခုနှစ်တွင် ကူဝိတ်၌ အရာရှိနှစ်ဦးသေဆုံးပြီး အခြား၁၄ဦး ဒဏ်ရာရရှိခဲ့မှုအတွက် တပ်ကြပ်ကြီး ဟာဆန်အက္ကဘာအား ဖို့တ်ဘရက်စစ်ခုံရုံးက သေဒဏ်အပြစ်ပေးခဲ့သည်။ အက္ကဘာသည် မတ်လဆန်းပိုင်း နံနက်ခင်းတစ်ခုတွင် ကူဝိတ်ရှိ သူ၏ကင့်ပင်ဆီဖေးနီးယား၌ တပ်ဖွဲ့ဝင်များရှိရာ ရွက်ဖျင်တဲအတွင်းသို့ လက်ပစ်ဗုံးများပစ်သွင်းပြီး တပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပဲခူးတိုင်း ဘုရားကြီးစံပြကျေးရွာ မဟာဝိဇယရံသီစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည်ညို

ရန်ကုန် မေ ၂

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကြီးစံပြကျေးရွာ သုဝဏ္ဏမင်္ဂလကုန်းတော်ရှိ ရှေးဟောင်းသမိုင်းဝင် မဟာဝိဇယရံသီစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ပရိဝုဏ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည်ညိုပြီး စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့ကို စေတီတော်မြတ်ကြီးအထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ ပန်းလှိုင်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသန၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ မြို့မစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာ၊ ပဲခူးမြို့နယ် သုဓမ္မာနိကာယ မဟာနာယက ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိသုဒ္ဓ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားမစတင်မီ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် ရှေးဟောင်းသမိုင်းဝင် မဟာဝိဇယရံသီ စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်းနှင့်အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ ပန်းလှိုင်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသနထံမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့ အမှူးပြုသော ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်နှင့် ပရိတ်ပန်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်ကြသည်။

ပက်ဖျန်းချည်နှောင်

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွား ချီးမြှင့်တော်မူကြပြီး ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်နှင့် ပရိတ်ပန်းများကို စေတီတော်ပရိဝုဏ် ဝတ္ထုကံမြေ၌ ပက်ဖျန်း ချည်နှောင်ပေးကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီးတို့က ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ မြို့မစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာထံမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့အမှူးပြုသော ဧည့်ပရိသတ်တို့က အနုမောဒနာနှင့် ရေစက်ချ တရားတော်နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပင့်ဆောင်ပူဇော်

ထို့နောက် အခမ်းအနားဒုတိယပိုင်း အစီအစဉ်များကို စေတီတော်ရင်ပြင်၌ ဆက်လက်ကျင်းပရာ စေတီတော်အထွတ်သို့ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဗုဒ္ဓရုပ်ပွားတော်တို့အား ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုတို့ အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များက စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည် ပင့်ဆောင်ပူဇော်ကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တပ်မတော်(လေ)မြလေယာဉ်ထီးတော်တင်အဖွဲ့ မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကာ စေတီတော်မြတ်ကြီးအထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ရှေးဟောင်းသမိုင်းဝင် မဟာဝိဇယရံသီစေတီတော်မြတ်ကြီး၏ အထွတ်သို့ တက်ရောက်၍စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တပ်ဆင်တင်လှူပူဇော်ပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ပေးကြရာ အခမ်းအနားမှူးက ဇယမ္ဘော ဗောဓိယာမူလေ အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ဆုတောင်း

ထို့နောက် ရှေးဟောင်းသမိုင်းဝင် မဟာဝိဇယရံသီစေတီတော်စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။**(သတင်းစဉ်)**

စေတီတော်ကြီးအထွတ်သို့ တင်လှူပူဇော်

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကြီးစံပြကျေးရွာ မဟာဝိဇယရံသီစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဧည့်ပရိသတ်တို့က မင်္ဂလာရထားပျံဖြင့် စေတီတော်ကြီးအထွတ်သို့ တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပဲခူးတိုင်း ဘုရားကြီးစံပြကျေးရွာ မဟာဝိဇယရံသီစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

ကွယ်လွန်သူ မိဘများ ဖြစ်သော ဦးသိန်း-ဒေါ်သိန်းခင် (စစ်ကိုင်း) တို့အားရည်စူး၍ ဒေါ်ခင်အေးမြင့်၊ဒေါ်ခင်မြသွေး၊ ဒေါ်ခင်မြထွေး မောင်နှမ မိသားစုတို့က ဘိုးဘွားများအား တစ်နေ့တာ အာဟာရ ကျွေးမွေးရန်နှင့်သုံးထပ်ဘိုးဘွားဆောင် ရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်း ခြောက်သောင်း ငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပိဋကတ်မြန်မာပြန်သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂

မြတ်ဗုဒ္ဓ၏အဆုံးအမတရားတော်များကို ဗုဒ္ဓဘာသာဝင်များ နားလည်သဘောပေါက်၍ လိုက်နာကျင့်ကြံနိုင်စေရန် ရည်ရွယ်ချက်ဖြင့် စတုတ္ထအကြိမ် ပိဋကတ်မြန်မာပြန် တရားတော်များ သင်တန်းကို မေ ၈ ရက်မှ အောက်တိုဘာ ၃၀ရက်အထိ အပတ်စဉ် စနေနှင့်တနင်္ဂနွေနေ့များတွင် နံနက် ၈နာရီမှစ၍ ပိဋကတ် ပညာရှင်ဆရာကြီးများက ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ရှင်သာမဏေ ဓမ္မဗိမာန်၌သင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၃၁)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ မေ၇ရက် ညနေ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့်၀၅၆-၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် မေ၇ရက် ညနေ၃နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီး ဗဟန်းမြို့နယ်အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

(က-ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်

ရန်ကုန် မေ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂၉ရက်မှ မေ ၁ရက်အထိ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လှည့်လည်သွားရောက်ပြီး ရွာသူရွာသားများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၃၀ရက် နံနက်ပိုင်းတွင် လိပ်ပေါင်ဆွဲ-ကျွဲဇင်းလမ်းရှိ နတ်စင်ကုန်းတံတားဖွင့်ပွဲသို့ တက်ရောက်သည်။ ဖွင့်ပွဲတွင် တံတားသစ်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသစ်လွင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုး၊ ရပ်မိ ရပ်ဖ ဦးသန်းညွန့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ယာယီမဏ္ဍပ်တွင် ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်က ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်မိရပ်ဖ ဦးသန်းညွန့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကျေးရွာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်လုံးကို ပေးအပ်လှူဒါန်းရာ ဆရာမဒေါ်သန်းသန်းအေးက လက်ခံယူသည်။ အဆိုပါတံတား ပြီးစီးသွားသဖြင့် မယ်ဇလီကုန်း၊ လယ်ကြီးကွင်း၊ လိပ်ပေါင်ဆွဲ ကျေးရွာအုပ်စုများမှ ပြည်သူများသည် မယ်ဇလီကုန်း-ကျွဲဇင်းလမ်းမှ တစ်ဆင့် ပုသိမ်-မုံရွာလမ်းမကြီးသို့ ရာသီမရွေး ဆက်သွယ် သွားလာနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် မိုးကောင်းကွင်းရှိ မယ်ဇလီကုန်း-တုံးတူလမ်း၏ တုံးတူတံတားဖွင့်ပွဲသို့ တက်ရောက်သည်။ တံတားသစ်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသစ်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်စိုး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖွင့်ပွဲသို့တက်ရောက်လာကြသော ရွာသူရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ နိုင်ငံတော်၏ အစီအမံဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းပေးသည်။ အဆိုပါတံတားမှာ အရှည်ပေ ၁၅၀၊ အကျယ် ၁၀ပေ၊ အမြင့်၂၂ ပေရှိသော သစ်သားတံတားဖြစ်ပြီး ရာသီမရွေး အသုံးပြု၍ သွားလာနိုင်ကြမည်ဖြစ်သည်။

ကျောင်းဆောင်သစ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် မိုးကောင်းကွင်းကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်သည်။ ကျောင်းဆောင်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုး၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဇံတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆင်ခေါင်းအင်းကျေးရွာရှိ ဆောက်လုပ်ဆဲ မူလတန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းဆောင်သစ် ဆောက်လုပ်မှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ ထိုမှတစ်ဆင့် ညောင်ပင်ကြီးကွင်းကျေးရွာရှိ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျေးရွာရှိ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း၊ တစ်တီတူးကွင်းကျေးရွာ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလှူငွေပေးအပ်

ဗဟို အလုပ်အမှုဆောင်သည် မေ ၁ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့ စံကျောင်းဘုန်းတော်ကြီးစာသင်တိုက်တွင် ပြုလုပ်သော သိမ်ကျောင်းဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍အလှူငွေများ ပေးအပ်သည်။

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် အနောက်ဘက်ဒေသ ရိုးမတောင်ခြေအနီးရှိ ကျီးပင်ကျေးရွာ မူလတန်းကျောင်း၊ ကျောက်တလုံးကျေးရွာ မူလတန်းကျောင်းများသို့ သွားရောက်ခဲ့ပြီး ရွာသူရွာသားများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးအဆောက်အအုံ

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည်ကျောက်ထပ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။ ဖွင့်ပွဲတွင် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာတင်ဝင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသစ်လွင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။ ဖွင့်ပွဲ အခမ်းအနားများကို ယာယီမဏ္ဍပ်တွင် ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်က ဒေသအတွင်းရှိ လမ်းများ၊ တံတားများ၊ ကျောင်းဆောင်များ ဆောက်လုပ်ဖွင့်လှစ်နိုင် ခြင်းအတွက် ဂုဏ်ပြု အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃-၅-၂၀၀၅(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	သင်ပုန်းရေလှောင်တမံ (မန္တလေးတိုင်း)
၈:၃၀	၉။	International News
၈:၄၅	၁၀။	Happy and Educational English Summer Course MRTV

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၃၀	၇။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၄၅	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၁၅	၉။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၉၀)
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	တေးဂီတအစီအစဉ်
၁၉:၁၅	၁၃။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၂၅	၁၄။	ကြေးမုံရိပ်သွင် တေးနယ်ဉ်
၁၉:၄၀	၁၅။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစွဲမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်းပြိုင်ပွဲအကြောင်း သိကောင်းစရာ
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၁၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၅-၂၀၀၅ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၂၅	၂၀၀၅ခုနှစ် မြန်မာ့သိုင်းပညာ ပြပွဲနှင့် ဗန်တို(အတိုက်)ပြိုင်ပွဲ
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	မနီတို့ရွာနှင့် သစ်တော
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	ပြည်တွင်းသတင်းအကျဉ်း
၈:၂၀	မိုးလေဝသခန့်မှန်းချက်
၈:၂၅	ဝါသနာရှင်စင်မြင့်
၉:၁၀	မပြောမပြီး မတီးမမြည်
၉:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၅	ဘက်ထရီ
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	ပြည်တွင်းသတင်းအကျဉ်း
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ
၁၀:၁၀	နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ကျောက်မီးသွေးအကြောင်း သိကောင်းစရာ
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃:၀၀နာရီအထိလေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မဟာပရိတ်တော်နှင့် ဓမ္မစကြာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ်၂၂၂ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနာ့ဗိမာန်တော်၌ မဟာပရိတ်တော်နှင့် ဓမ္မစက္ကပဝတ္တနသုတ် ဓမ္မစကြာရွတ်ဖတ်ပူဇော်နည်းသင်တန်းကို မေ ၁၄ရက် (စနေနေ့)မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈နာရီမှ ၁၀နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် မဟာပရိတ်တော်သင်တန်းကို ဆရာကြီး ဦးမြင့်စိုး (ဝိနယပါရဂူ ပါဠိပါရဂူ)က ပို့ချပေးမည်ဖြစ်ပြီး ဓမ္မစကြာသင်တန်းတွင် ဆရာမကြီးဒေါ်ခင်မာတင့်က သင်ကြားပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ရုံးချိန်တွင်း ဖုန်း-၅၄၁၉၄၃ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းလူငယ်များ လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ ရန်ကုန်မြို့၌ လေ့လာရေးခရီး ရောက်ရှိနေသော ပြည်နယ်၊ တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးအဖွဲ့ဝင်များ အမျိုးသားပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းများမှ လူငယ်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် မေ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များ လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ ရန်ကုန်မြို့၌ လေ့လာရေးခရီး ရောက်ရှိနေသော ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်း အသင်းအလုပ်အမှုဆောင် ဦးလှထွန်းဦး ခေါင်းဆောင်၍ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံသို့ သွားရောက်လေ့လာကြရာ လှည်းကူးမြို့နယ်အသင်း အတွင်းရေးမှူး ဦးဝင်းမြိုင်နှင့် အလုပ်အမှုဆောင်အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြသည်။

ရေလှောင်တမံလေ့လာ

ယင်းနောက် အသင်းလူငယ်လေ့လာရေးအဖွဲ့အား ငမိုးရိပ်ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်၌ ငမိုးရိပ်ဆည် တာဝန်ခံ ဦးဝင်းဟန်က ငမိုးရိပ်ရေလှောင်တမံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လူငယ်လေ့လာရေးအဖွဲ့သည်ရေလှောင်တမံ၏ ရေလွှဲတံခါး၊ ရေပိုလွှဲများကို ကြည့်ရှုလေ့လာကြသည်။

ဖူးမြော်

ဆက်လက်၍ အသင်းလူငယ်လေ့လာရေးအဖွဲ့သည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ အင်းစိန်မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင့်လွင်နှင့် အလုပ်အမှုဆောင်အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြသည်။

အလှူငွေ

ယင်းနောက် အသင်းလူငယ်လေ့လာရေးအဖွဲ့အား မင်းဓမ္မကုန်းတော် ဘုရားရင်ပြင်တော်၌ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ်နှင့် တာဝန်ရှိသူများက ဘုရားသမိုင်းကို ရှင်းလင်းပြောကြားကြကာ လူငယ်လေ့လာရေးအဖွဲ့က အလှူငွေများပေးအပ်လှူဒါန်းပြီး ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များအား ကြည့်ရှုကြသည်။

ရှင်းလင်းပြသ

ထို့နောက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့က ကြိုဆိုကြပြီး တပ်မတော် စစ်သမိုင်းပြတိုက်နှင့် မော်ကွန်းတိုက်မှူးရုံးမှ တာဝန်ရှိသူများက ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ သွားရောက် လေ့လာကြရာ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ပြတိုက်မှူး ဒေါ်မိမိသက်နွယ်နှင့် တာဝန်ရှိသူများက ပြတိုက်အတွင်း လိုက်လံ ရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ညနေပိုင်းတွင် မှော်ဘီမြို့နယ် အထယုကျေးရွာ အနီးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)သို့သွားရောက် လေ့လာကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန ဒုတိယဌာနမှူး ဦးစိန်ဝင်း (ရေနှင့်သန့်ရှင်းမှု)က ရန်ကုန်မြို့တွင်း ရေပေးဝေရေး စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပရိဂျက်တာဖြင့် ရှင်းလင်းပြသပြီး အသင်းလူငယ်လေ့လာရေးအဖွဲ့သည် ရေသန့်စင် အဆောက်အအုံများ ဆောက်လုပ်နေမှုများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မေ ၂ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော အိမ်တွင်းမှုအဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၈)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၃၅)နှင့် (၃၆) သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပစ္စုပ္ပန်ကာလ၏ လုပ်ငန်းစဉ်များမှာ အတိတ်ကသင်ခန်းစာရယူ အနာဂတ်အတွက် အမွေခံပတ်ဝန်းကျင်ကောင်းကို ဖန်တီး

● *ကျောဖုံးမှ*

အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကား မြွက်ကြားရာတွင်–

ယနေ့ စတင်ဖွင့်လှစ်လိုက်သည့် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် မောင်တို့ မယ်တို့သည် မိမိနိုင်ငံ၏ အခြေအနေနှင့် ကမ္ဘာ့အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးကြရမည်ဖြစ်ကြောင်း။

စုစည်းဆက်စပ်လေ့လာခွင့်ရရှိ

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဘာသာရပ်မှာ နက်ရှိုင်းကျယ်ဝန်းသည့် ဘာသာရပ်ဖြစ်ကြောင်း၊ ယင်းဘာသာရပ်ကို လေ့လာဆည်းပူးရာတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံးကို စုစည်းဆက်စပ်လေ့လာခွင့်ရရှိကြမည် ဖြစ်ကြောင်း။

မောင်တို့ မယ်တို့သည် ယနေ့မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရာတွင် အစိတ်အပိုင်းတစ်ခုအနေနှင့် လက်တွေ့ပါဝင်လှုပ်ရှားနေကြသူများ ဖြစ်ခြင်းကြောင့် ယင်းဘာသာရပ်ကို လေ့လာကြရာတွင် ဘဝအတွေ့အကြုံနှင့် ဆက်စပ်ပြီး ဆန်းစစ်လေ့လာနိုင်ကြမည်ဟု မျှော်လင့်ကြောင်း။

သုံးသပ်ချမှတ်နိုင်

ယနေ့ကမ္ဘာ၏ ဖြစ်စဉ်များတွင် အဘက်ဘက်၌ ဆက်စပ်ယှက်နွယ်ဖြစ်ပေါ်နေခြင်းကြောင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၏ အနေအထားကို အရင်းအမြစ်ကျကျ သိရှိနားလည်အောင် လေ့လာဆန်းစစ်နေကြရန် လိုအပ်ကြောင်း၊ သို့မှသာ အကြောင်းအကျိုးနှင့် အကောင်းအဆိုးကို ပကတိအခြေအနေအတိုင်း သိရှိပြီး မိမိမည်ကဲ့သို့ ခိုင်မာစွာရပ်တည်ရမည်ဆိုသည်ကို သုံးသပ်ချမှတ်နိုင်မည်ဖြစ်ကြောင်း။

အသင်းကြီးသည် မိမိအသင်းကြီး၏ ဦးတည်ချက် ခုနစ်ရပ်ကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလအတွင်းက တိုင်းနှင့် ပြည်နယ်အသင်း အသီးသီးတွင် အသင်းဝင်များကို တင်ပြပြီး အတည်ပြုခဲ့ကြပြီး ဖြစ်ကြောင်း။

ယင်းဦးတည်ချက်များကို အမျိုးသားအင်အားစုဖြစ်သည့် အသင်းကြီးက နိုင်ငံ၏ပကတိ အခြေအနေများနှင့်အညီ ချမှတ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်သော အနာဂတ် ဖန်တီးနိုင်ရေး၊ အဖျက်လုပ်ရပ်များမှ ကာကွယ်နိုင်ရေးတို့အတွက် သန္နိဋ္ဌာန်စိတ်ဖြင့် ချမှတ်ခဲ့ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ ပစ္စုပ္ပန်အခြေအနေများမှာ အတိတ်၏ အကြောင်းတရားများအပေါ်တွင် အရင်းခံပြီး ကောင်းမွန်သည့် အနာဂတ်ကို မျှော်မှန်းဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ ပစ္စုပ္ပန်ကာလ၏ လုပ်ငန်းစဉ်များမှာ အတိတ်က သင်ခန်းစာကို ရယူပြီး အနာဂတ်အတွက် အမွေခံပတ်ဝန်းကျင်ကောင်းကို ဖန်တီးနေကြရခြင်းဖြစ်ကြောင်း။

မြန်မာ့ရေးရာကို လေ့လာကြသည့်အခါတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး၏အစစ်အမှန် ဖြစ်စဉ်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြရန်လိုအပ်ကြောင်း။

မြန်မာ့သမိုင်းသည် နှစ်ပေါင်းထောင်ချီပြီး မော်ကွန်းတင်ရသည့် သမိုင်းဖြစ်ကြောင်း၊ သိပ္ပံနည်းကျ လက်တွေ့ဆန်းစစ်နိုင်ခဲ့သည့်အတွက် မိမိတို့မြေပေါ်မှာနှစ်ပေါင်းသန်း ၄၀ကျော်ကတည်းက ကမ္ဘာ့ရှေးအကျဆုံး လူသားမျိုးနွယ်ရှိနေခဲ့သည်ကို မိမိတို့အားလုံး သိရှိခဲ့ကြပြီးဖြစ်ကြောင်း။

မြန်မာ့သမိုင်းသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် မြို့ပြနိုင်ငံခေတ်တို့ကို ဖြတ်သန်းခဲ့ကြောင်း။

တည်တံ့ခိုင်မြဲအောင်စောင့်ရှောက်

ပုဂံခေတ် အနော်ရထာမင်းစောသည် စည်းလုံးညီညွတ်ပြီး အင်အားခိုင်မာတောင့်တင်းသည့် အချုပ်အခြာအာဏာပိုင် ပထမမြန်မာနိုင်ငံတော်ကို လွန်ခဲ့သည့် နှစ်ပေါင်း တစ်ထောင်ခန့်က တည်ထောင်နိုင်ခဲ့ကြောင်း၊ တောင်ငူခေတ်တွင် ဘုရင့်နောင်က ဒုတိယမြန်မာနိုင်ငံတော်နှင့် ကုန်းဘောင်ခေတ်မှာ အလောင်းဘုရားက တတိယမြန်မာနိုင်ငံတော်အဖြစ် စည်းလုံးညီညွတ်မှု၊ အင်အားခိုင်မာတောင့်တင်းမှုဖြင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုတို့ကို တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်ခဲ့ကြကြောင်း။

အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် သမိုင်းကပေးခဲ့သည့် ဘိုးဘွားအမွေအနှစ်ဖြစ်ကြောင်း။

ကမ္ဘာ့သမိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ကိုလိုနီနယ်ချဲ့စနစ်သည် အာရှတိုက်နှင့် အာဖရိကတိုက် နိုင်ငံအများစု၏သမိုင်းကို ပြောင်းလဲသွားစေခဲ့ကြောင်း။

ကိုလိုနီနယ်ချဲ့များမှာ သိမ်းပိုက်ခံရသည့် နိုင်ငံများကို ကျွန်ပြု အုပ်ချုပ်ပြီး လက်ဝါးကြီးအုပ် သွေးစုပ်ခြယ်လှယ်ခဲ့ကြကြောင်း၊ ကိုလိုနီ အပြုခံရသည့်နိုင်ငံများမှာ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးဘဝအားလုံး အဖျက်ဆီးခံလိုက်ရသည့်အတွက် အရာရာကို လက်လွှတ်ဆုံးရှုံးရပြီး နိမ့်ကျသောဘဝကိုရောက်ခဲ့ကြကြောင်း။

ကမ္ဘာ့သမိုင်းတွင် ကိုလိုနီနယ်ချဲ့စနစ်သည် သမိုင်း၏ ဖြစ်ပေါ် တိုးတက်မှုကြောင့် ရရှိခဲ့သည့် အမျိုးသားရေးလက္ခဏာနှင့် နိုင်ငံသားတို့၏ အခွင့်အရေးများကို အဆိုးရွားဆုံး နှိပ်ကွပ်ဖျက်ဆီးခဲ့သည့်စနစ်ဖြစ်ကြောင်း။

ကိုလိုနီဘဝလွတ်မြောက်ခဲ့

၁၉ ရာစုအစောပိုင်းကတည်းက ကိုလိုနီအပြုခံခဲ့ရသည့် မိမိတို့နိုင်ငံသည် ၂၀ ရာစုအလယ်ပိုင်းတွင် အခြားသော အာရှ၊ အာဖရိကနိုင်ငံတချို့နှင့်အတူ ကိုလိုနီဘဝက လွတ်မြောက်ခဲ့ရကြောင်း။

နှစ်ပေါင်းရာနှင့်ချီပြီး တိုင်းတစ်ပါး၏ ကျွန်ပြုခံရသည့်ဘဝက လွတ်မြောက်အောင် တော်လှန်ဆန့်ကျင်ခဲ့သည့် ပြည်သူများ၏ လွတ်လပ်ရေးလှုပ်ရှားမှုများမှာ အာရှနှင့် အာဖရိကနိုင်ငံများတွင် သမိုင်းမှာ မှတ်တမ်းတင်လောက်သည့် ဖြစ်စဉ်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြည်သူများနှင့် တပ်မတော်မှာလည်း မိမိနိုင်ငံလွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးတွေ အရင်းအနှီးပြုပြီး စွန့်လွှတ် စွန့်စားတိုက်ပွဲဝင်ခဲ့ကြရကြောင်း။

မူကြီးငါးချက်ပြဋ္ဌာန်း

ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်မှုနှင့်ခြိမ်းခြောက်မှုကြီးကို ခံခဲ့ရသည့် မြန်မာအပါအဝင် အာရှ၊ အာဖရိကနိုင်ငံများသည် လွတ်လပ်ရေးရရှိပြီးနောက်မှာ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်း၌ လွန်ခဲ့သည့် အနှစ် ၅၀က ညီလာခံကျင်းပပြီး ကမ္ဘာက ယနေ့တိုင်လေးစားပြီး စံထားရသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်ကို ပြဋ္ဌာန်းခဲ့ကြောင်း။

မူကြီးငါးချက်မှာ–

- **တစ်နိုင်ငံ၏နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊**
- **တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုရန်၊**
- **တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊**
- **တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်၊**
- **ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်** တို့ဖြစ်ကြောင်း။

ယင်းမူကြီးငါးချက်မှာ ကိုလိုနီနယ်ချဲ့လက်အောက်မှာ ရရှိခဲ့သည့် ခါးသီးသည့်အတွေ့အကြုံနှင့် ဆုံးရှုံးခဲ့ရသည့် အခွင့်အရေးများအပေါ် မူတည်ပြီး ဖြစ်ပေါ်လာသည့် ကာကွယ်ရေးအစီအစဉ်များဟု ပြောနိုင်ကြောင်း။

အားလုံးကိုင်စွဲသင့်သည့်မူကြီးများဖြစ်

ယင်းမူကြီးငါးချက်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ပင်မအုတ်မြစ်လည်းဖြစ်ကြောင်း၊ ယနေ့ခေတ်ကဲ့သို့ ပိုမိုကျယ်ဝန်းနက်ရှိုင်းသည့် ပြဿနာများနှင့် ရင်ဆိုင်နေရသည့် ကမ္ဘာကြီးမှာ အင်အားကြီးနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးကိုင်စွဲသင့်သည့် မူကြီးများဖြစ်ကြောင်း။

ယင်းမူကြီးငါးချက်မှာ ယနေ့တိုင် မြန်မာနိုင်ငံခြားရေးဝါဒ၏ ပင်မအုတ်မြစ်အဖြစ် ထိန်းသိမ်းကျင့်သုံးလျက်ရှိသည်ဟုပြောလိုကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

အခြေခံအဆောက်အအုံများ မနားမနေတည်ဆောက်နေ

❒ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် နိုင်ငံတော်၏ လက်ငင်းလိုအပ်ချက်ဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို မနားမနေ တည်ဆောက်နေ၊

❒ အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းကြီးများမှာ ဖွံ့ဖြိုးမှုအားလုံး၏ ပင်မလိုအပ်ချက်ဖြစ်၊

❒ ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးခံယူချက်နှင့် တည်ဆောက်။

ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြည်သူတို့နှင့်အ
အမြင်ကျဉ်းမြောင်းသည့်ဂိုဏ်းဂဏသမားတချို့ နိုင်ငံတော်နှ
အန္တရာယ်မှန်သမျှ နောက်မတွန့်ဘဲ တွန်းလှန်ဖယ်ရှားပြီး

စာမျက်နှာ ၇မှ

ပြည်သူများအလွန်လိုလားခဲ့သည့် လွတ်လပ်ရေးကို ရရှိပြီးနောက် တိုင်းပြည်၏ နိုင်ငံရေးဘဝကို သုံးသပ်ဆန်းစစ်ကြည့်မည်ဆိုလျှင်–

– ပါတီအကွဲအပြဲများကြောင့် ပြည်သူလူထုအတွင်း စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်ပေါ်ခဲ့ကြောင်း၊
– ဂိုဏ်းဂဏဝါဒီများကြောင့် လက်နက်စွဲကိုင် ဆူပူပုန်ကန်မှုတွေဖြစ်ခဲ့ပြီး ပြည်သူတွေမှာ လုံခြုံမှုမရှိသည့် ဘဝကို ရောက်ခဲ့ရကြောင်း၊
– ကိုလိုနီအစိုးရ၏ စနစ်တကျ သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းလျော့ကျခဲ့ရကြောင်း။

ယင်းအခြေအနေများ၏ အကျိုးသက်ရောက်မှုမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က ကျဆင်းခဲ့ရပြီး လူနေမှုဘဝနိမ့်ကျခဲ့ရကြောင်း၊ ၁၉၈၈ခုနှစ်ရောက်သည်အထိ စီးပွားရေးအခြေခံ အဆောက်အအုံသည်ပင်လျှင် အဆင်သင့်မရှိခဲ့သည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ ပဋိပက္ခများနှင့် လုံခြုံမှုကင်းမဲ့နေသည့် ဒေသတစ်ခုမှာ ဖွံ့ဖြိုးတိုးတက်မှု ကင်းမဲ့မှာပင်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုမရှိဘဲ ဖရိုဖရဲဖြစ်နေသည့် လူ့အဖွဲ့အစည်းမှာ ပန်းတိုင်မရှိနိုင်ဘူးဆိုသည်ကို သမိုင်းက ပြဆိုနေကြောင်း။

ဦးတည်ခြေလှမ်းထား

ယင်းအခြေအနေမျိုးတွင် မိမိတို့အိမ်နီးနားချင်း နိုင်ငံတချို့နှင့်ဒေသတွင်း နိုင်ငံတချို့၏ အခြေအနေကို သုံးသပ်ကြည့်သင့်ကြောင်း၊ နိုင်ငံတချို့သည် လွန်ခဲ့သည့် ၁၀နှစ်ကျော်အနှစ်၂၀အတွင်းလောက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ကို ကျော်လွန်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဘဝကိုဦးတည်ခြေလှမ်းထားနိုင်သည် ဆိုသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း။

ပူးပေါင်းထမ်းဆောင်

မျက်မှောက်ကာလ နိုင်ငံ၏အဓိကလိုအပ်ချက်မှာ ဘာလဲ ဆိုသည်ကို ခိုင်ခိုင်မာမာ သိရှိထားရမှာဖြစ်ကြောင်း၊ မျက်မှောက်ခေတ်၏ လုပ်ငန်းတာဝန်ကြီးမှာ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ယင်းတာဝန်ကြီးကို နိုင်ငံသားတစ်ဦးချင်းစီ၏ သန္နိဋ္ဌာန်စိတ်ဖြင့် ပူးပေါင်းထမ်းဆောင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် တာဝန်စတင်ယူသည့်အချိန်ကစပြီး နိုင်ငံတော်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ဇောက်ချပြီးတည်ဆောက်ခဲ့

နိုင်ငံတော်တွင် ဦးထိပ်ပန်ဆင်ရမည့် ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ထားပြီး အေးချမ်းတည်ငြိမ်ရေးကို ဖော်ဆောင်ခဲ့ကြောင်း၊ တစ်ဆက်တည်းမှာ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများမှာ တိုးတက်ဖွံ့ဖြိုးရေးကို ဇောက်ချပြီး တည်ဆောက်ခဲ့ကြောင်း၊ ယင်းနောက်တွင် ဖွံ့ဖြိုးရေးဒေသကြီးများသတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ဆိုလျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး ဆောင်ရွက်နေသည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်ကို သုံးသပ်ကြည့်လျှင် အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆက်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

အမျိုးသားရေးခံယူချက်

ယင်းဖြစ်စဉ်၏ အခြေခံကျသည့် ခံယူချက်မှာ ဒေသအားလုံး မျှတစွာဖွံ့ဖြိုးလာရေးပင်ဖြစ်ကြောင်း၊ ဒေသအားလုံးမျှတစွာဖွံ့ဖြိုးလာရေးမှာ ဤခေတ်၏အမျိုးသားရေး ခံယူချက်ဖြစ်ကြောင်း။

အေးချမ်းတည်ငြိမ်ရေး စိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်များမှာ ပြည်ထောင်စုစိတ်ဓာတ်၏ အနှစ်သာရများဖြစ်ကြောင်း။

မနားမနေတည်ဆောက်နေ

ယင်းစိတ်ဓာတ်အရင်းခံဖြင့် နိုင်ငံတော်၏ လက်ငင်းလိုအပ်ချက်ဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို မနားမနေတည်ဆောက်နေကြောင်း။

အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းကြီးမှာ ဖွံ့ဖြိုးမှုအားလုံး၏ ပင်မလိုအပ်ချက်ဖြစ်ကြောင်း။

မြန်မာ့ရေးရာကဏ္ဍကို လေ့လာသည့်အခါ အချိန်တိုကာလအတွင်း ဘယ်လိုခံယူချက်နှင့် ဘယ်လောက်ထုထည်ပမာဏကြီးကြီး တည်ဆောက်ခဲ့သည်ဆိုသည်ကို သိရှိသွားကြမှာဖြစ်ကြောင်း။

ဘက်ပေါင်းစုံဖွံ့ဖြိုးရေး

ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံဖွံ့ဖြိုးရေးခံယူချက်နှင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း။

လက်ငင်းလိုအပ်ချက်ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ပထမဆုံးဦးစားပေးဆောင်ရွက်ခဲ့ပြီး အရှိန်ရလာသည့်အခါ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုအထိ တိုးချဲ့သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ကျေးလက်ဒေသများ၏ အခြေခံလိုအပ်ချက်များဖြည့်ဆည်းနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်နေကြောင်း၊ ဤသည်မှာ ဒေသတိုင်း အကြွင်းအကျန်မရှိ ဖွံ့ဖြိုးရေးကို မျှော်မှန်းပြီး ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးစီမံရာမှာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်နှင့် ဖော်ဆောင်နေကြောင်း။

နိုင်ငံတော်၏ လက်ရှိအဓိက စီးပွားရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးစွမ်းအား သိသိသာသာ မြင့်တင်နိုင်ရေးအတွက် အခြေခံအဆောက်အအုံဖြစ်သည့် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါးများကို ပမာဏကြီးကြီးမားမား တည်ဆောက်ခဲ့ကြောင်း။

အရှိန်အဟုန်ဖြင့်တည်ဆောက်

တစ်ချိန်တည်းမှာ ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး၊ ကူးသန်းရောင်းဝယ်ရေးကဏ္ဍကျယ်ပြန့်ရေး၊ စက်မှုကဏ္ဍတိုးချဲ့နိုင်ရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများဖြစ်သော ကားလမ်း၊ ရထားလမ်း၊ မြစ်ကူး၊ ချောင်းကူးတံတားများ၊ ပင်လယ်ကူးသင်္ဘော ဆိပ်ခံတံတားများ၊ လေဆိပ်များ တည်ဆောက်ရေး၊ လျှပ်စစ်နှင့် လောင်စာစွမ်းအင်များ တိုးချဲ့ထုတ်လုပ်ရေးများကို အရှိန်အဟုန်ဖြင့် တည်ဆောက်နေကြောင်း။

အသစ်တည်ဆောက်ခဲ့သည့်ဆည်တမံ၁၇၃ခု၊ မြစ်ရေတင်စီမံကိန်း၂၇၁ခုကြောင့် စိုက်ပျိုးရေးကဏ္ဍအတွက် သိသာသည့်အကျိုးသက်ရောက်မှု ရရှိနေပြီဖြစ်ကြောင်း။

သင်္ကေတတစ်ခုအဖြစ်မော်ကွန်းတင်

နိုင်ငံတော်တွင် ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ စုစုပေါင်း ၅၇၁၅၃ မိုင်အထိ အသစ်တိုးချဲ့ဖောက်လုပ်နိုင်ခြင်းကြောင့် နိုင်ငံတော်မှာ လမ်းပန်းဆက်သွယ်ရေး ကွန်ရက်ကြီး ဖြစ်ပေါ်လာနေပြီဖြစ်ကြောင်း၊ ယခုနှစ်ဖေဖော်ဝါရီလအတွင်းဖွင့်လှစ်လိုက်သည့် သံလွင်တံတား (မော်လမြိုင်)မှာ ဤခေတ်ခံယူချက်ဖြစ်သည့် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံဖွံ့ဖြိုးရေး၏ သင်္ကေတတစ်ခုအဖြစ် မော်ကွန်းတင်နိုင်ကြောင်း။

စွမ်းအားတိုးတက်ရရှိ

၂၀၀၅ခုနှစ်အတွင်း အသစ်ဖွင့်လှစ်လိုက်သည့် မုံးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့မှာ စက်မှုကဏ္ဍနှင့်လူမှုစီးပွားရေးဘဝအတွက် လိုအပ်သည့် စွမ်းအားတိုးတက်ရရှိလာစေကြောင်း၊ ဆက်လက်တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများမှာ နိုင်ငံကတိုးချဲ့နေသည့် စက်မှုကဏ္ဍနှင့် ဟန်ချက်ညီသည့် လျှပ်စစ်စွမ်းအားများ ရရှိလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်သည် လူမှုရေးဦးတည်ချက်နှင့်အညီ လူမှုရေးကဏ္ဍစွမ်းအားမြင့်မားရေးကိုလည်း ဘက်ပေါင်းစုံဖွံ့ဖြိုးရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ကြောင်း။

လူတိုင်းအကျုံးဝင်ပညာရေး

လူမှုရေးကဏ္ဍတွင် အဓိကဖြစ်သည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ဒေသတိုင်းမှာ ပညာသင်ကြားမှုအခွင့်အလမ်း မြင့်မားလာရေးအတွက် အခြေခံကျောင်းများရော၊ တက္ကသိုလ်၊ ကောလိပ်များပါ တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းသည် လူတိုင်းအကျုံးဝင် ပညာရေးဖြစ်ကြောင်း၊ ပညာသင်ကြားမှုအခွင့်အလမ်း

နှင့်အတူ အောင်မြင်သည်အထိ အကောင်အထည်ဖော်သွားမည် တ်နှင့် နိုင်ငံသားတို့အကျိုးစီးပွားဖျက်ဆီးခွင့်မရအောင် ကာကွယ်ကြ ပြီး မိမိတို့၏ပန်းတိုင်ကို မျက်ခြည်မပြတ် အရောက်တက်လှမ်း

မြင့်မားလာမှုနှင့် ဝိဇ္ဇာ၊ သိပ္ပံနှင့် နည်းပညာဘာသာရပ်များတိုးချဲ့သင်ကြားနိုင်မှုများကို ဤသင်တန်းတွင် လေ့လာခွင့်ရရှိကြမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် အဓိကရောဂါများတိုက်ဖျက်ရေး၊ ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်အတူ နိုင်ငံတစ်ဝန်းလုံးမှာ ကျယ်ပြန့်စွာဆောင်ရွက်ခဲ့ကြောင်း၊ အထူးကုဆေးရုံကြီးများတိုးချဲ့ရေး၊ ကျေးလက်ကျန်းမာရေးကဏ္ဍတိုးချဲ့ရေး၊ ဆေးပညာသင်ကြားမှုမြင့်မားရေးလုပ်ငန်းစဉ်များကိုလည်း ဤသင်တန်း၏ မြန်မာ့ရေးရာကဏ္ဍမှာ လေ့လာခွင့်ရရှိကြမည်ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်အဓိကကျ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသည့် နေရာမှာရှိကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ကသာ နိုင်ငံနှင့်လူမျိုးကို ရှင်သန်အောင် ကာကွယ်စောင့်ရှောက် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မည်သည့်စနစ်၊ မည်သည့်ခေတ်မှာဖြစ်စေ၊ စည်းလုံးညီညွတ်ရေးအမြင်၊ ဖွံ့ဖြိုးတိုးတက်ရေးအမြင်၊ ကာကွယ်ရေးအမြင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ကြောင်း။

ယနေ့နိုင်ငံတော်တွင် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်နေကြောင်း၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်မှာ နိုင်ငံတော်၏နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ကြောင်း။

အခြေခံလိုအပ်ချက်များ

အေးချမ်းတည်ငြိမ်ခြင်း၊နိုင်ငံနှင့် နိုင်ငံသားတို့၏ စီးပွားရေးအခြေခံကောင်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးခြင်းတို့မှာ ဒီမိုကရေစီလူ့အဖွဲ့အစည်းဖြစ်ပေါ်ရေးနှင့် ဒီမိုကရေစီကျင့်စဉ်ကျင့်သုံးရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏တာဝန်ကို စတင်ယူစဉ်ကတည်းက တိကျသည့် ရည်မှန်းချက်ပန်းတိုင်ချမှတ်ပြီး ခံယူရမည့် ဒို့တာဝန်အရေးသုံးပါး၊ အကောင်အထည်ဖော်ရမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး မမိုတ်မသုန် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ခဲ့ကြောင်း။

အကောင်အထည်ဖော်

ယနေ့ နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ပြည်သူတို့နှင့်အတူ အောင်မြင်သည်အထိ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

ဤသို့ အကောင်အထည်ဖော်နေသည့် နိုင်ငံတော်တည်ဆောက်ရေး၏ တူရှုချက်မှာ အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးဖြစ်ကြောင်း။

ပြည်ထောင်စုကိုကာကွယ်နိုင်မည်

ယင်းတည်ဆောက်ရေးမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မျိုးဆက်ပေါင်းများစွာတို့၏ သမိုင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဖြစ်သည့် ဒို့တာဝန်အရေးသုံးပါး ခံယူချက်ရှိသူများကသာ နိုင်ငံသမိုင်းကို တိုးတက်အောင် ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု နားလည်ကြရမည်ဖြစ်ကြောင်း။

နက်ရှိုင်းမြင့်မြတ်သည့် နိုင်ငံရေးခံယူချက်ရှိသူများကသာ နိုင်ငံတော်ကို အမှန်အကန် တိုးတက်အောင် ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ကိုလိုနီဩဇာခံ အမြင်ကျဉ်းမြောင်းသည့် ပဒေသရာဇ်ဉာဉ်မျိုးဖြင့် နိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုကို ဖန်တီးနိုင်မည် မဟုတ်ဘူးဟု အခိုင်အမာပြောလိုကြောင်း။

အမြင်ကျဉ်းဝါဒီတချို့၏ တူရှုချက်နှင့်မျှော်မှန်းချက်မှာ ယနေ့ နိုင်ငံတော်ကို တည်ဆောက်နေသည့် ပြည်သူတို့၏ အကျိုးစီးပွားနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံ ပြည်သူလူထုသည် ကိုလိုနီဩဇာခံ နယ်ချဲ့လက်ပါးစေများကို မည်သည့်အခါကမှ ယုံကြည်မှုမရှိဘူးဆိုတာ မိမိတို့နိုင်ငံ၏သမိုင်းမှာ အထင်အရှားတွေ့ရှိခဲ့ရပြီးဖြစ်ကြောင်း။

နယ်ချဲ့လက်ပါးစေများနေရာမရှိ

ယနေ့ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းမှာ အမြင်ကျဉ်းမြောင်းပြီး ကိုလိုနီဩဇာခံ နယ်ချဲ့လက်ပါးစေများအတွက် နေရာမရှိနိုင်ဘူးဆိုသည်ကို သိထားရန်လိုကြောင်း။

နိဂုံးချုပ်မှာကြားလိုသည်မှာ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဘာသာရပ်ကို လေ့လာဆည်းပူးခွင့် ရရှိသည့်အချိန်မှာ ယင်းဘာသာရပ်ကို အလေးအနက်ထားပြီး လေ့လာကြရန်ဖြစ်ကြောင်း။

ဤဘာသာရပ်၏ ကျယ်ဝန်းနက်ရှိုင်းမှုနှင့် အတိမ်အနက်ကို အမိအရ ဆန်းစစ်လေ့လာကြရမည်ဖြစ်ကြောင်း၊ မိမိ ပြည်တွင်းရေး၏ အစစ်အမှန်တရားတွေကို ရှာဖွေဆည်းပူးမှတ်သားရမှာဖြစ်ကြောင်း၊ ကမ္ဘာ့ပြဿနာများနှင့် ပြည်တွင်းရေးများမှာ ဝင်ရောက်စွက်ဖက်လွှမ်းမိုးလိုသည့် နောက်ခံအတွင်းရေးများကို ဖော်ထုတ်ဆန်းစစ်ကြရမည်ဖြစ်ကြောင်း။

ပြတ်ပြတ်သားသားဖယ်ရှား

မိမိတို့ ဦးတည်ဖော်ဆောင်နေသည့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတွင် အမြင်ကျဉ်းမြောင်းသည့် ချဉ်းကပ်မှုများနှင့် နှောင့်ယှက်မှုများကို မြင်အောင်ကြည့်ပြီး ပြတ်ပြတ်သားသား ဖယ်ရှားကြရမည်ဖြစ်ကြောင်း။

ကိုလိုနီဩဇာခံနှင့် နယ်ချဲ့လက်ပါးစေတချို့သည် အမြင်ကျဉ်းမြောင်းသည့်ဝါဒ၊ ညံ့ဖျင်းသည့် အတွေးအခေါ်နှင့် မကောင်းမှုတစ်ခုခု ကျူးလွန်ရန် အမြဲစိတ်ကူးနေကြောင်း၊ နိုင်ငံတော်ကိုဖရိုဖရဲပြိုကွဲအောင် မကောင်းကြံနေသည်များကို မြင်အောင်ကြည့်ကြရန် လိုကြောင်း။

ပန်းတိုင်အရောက်တက်လှမ်း

အမြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမားတချို့က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖျက်ဆီးခွင့်မရအောင် ကာကွယ်ကြရမည်ဖြစ်ကြောင်း၊ အမြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမားတချို့၏ အန္တရာယ်မှန်သမျှကို မိမိ၏အသက်ဟူသော အကြောင်းကြောင့်ပင် နောက်မတွန့်ဘဲ တွန်းလှန်ဖယ်ရှားပြီး မိမိတို့၏ ပန်းတိုင်ကို မျက်ခြည်မပြတ်ဘဲ အရောက်တက်လှမ်းသွားရန် ဖြစ်ကြောင်းဖြင့် မြွက်ကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဘုရင့်နောင်ခန်းမ၌ သင်တန်းသား သင်တန်းသူများနှင့်အတူ နံနက်စာ သုံးဆောင်ပြီးနောက် မော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအုတ်မြစ်

❒ နိုင်ငံတော်တည်ဆောက်ရေး၏တူရှုချက်မှာ အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးဖြစ်၊

❒ ယင်းတည်ဆောက်ရေးမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မျိုးဆက်ပေါင်းများစွာတို့၏ သမိုင်းဖြစ်၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဖြစ်သည့် ဒို့တာဝန်အရေးသုံးပါး ခံယူချက်ရှိသူများကသာ နိုင်ငံသမိုင်းကို တိုးတက်အောင် ဖန်တီးနိုင်မည်၊ ပြည်ထောင်စုကို ကာကွယ်နိုင်မည်ဖြစ်၊ ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအုတ်မြစ်ဖြစ်။

နွေရာသီအချိန်အခါ ကျန်းမာရေးအလေးဂရုပြုစရာ

တင်ထွဋ်
(အစိုးရတိုင်းရင်းဆေး)

တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ရက်ပေါင်း ၁၁၈ ရက်၊ လအားဖြင့် လေးလတာကာလ၊ နွေဥတုကာလအတွင်း ဖြစ်ပေါ်လေ့ရှိသည့် သန္တာန်များ၊ ကျန်းမာရေးနှင့် ပြည့်စုံရန်အတွက် လိုအပ်သော ဆောင်ရန်ရှောင်ရန်များ၊ ဖြစ်ပွားတတ်သည့် ရောဂါများ၊ မှီဝဲရန် တိုင်းရင်းဆေးဝါးများနှင့် စပ်လျဉ်း၍ တင်ပြလိုပါသည်။

နွေဥတု လေးလတာကာလအတွင်း တွေ့ရှိရသော ပကတိလက္ခဏာများမှာ အပူရှိန်များ လွှမ်းမိုးလျက်ရှိခြင်း၊ ရေဓာတ်များ လျော့နည်းခန်းခြောက်ခြင်း၊ သစ်ပင်တောတောင်တို့ ခြောက်သွေ့ခြင်း စသည်တို့ဖြစ်ပြီး ကျန်းမာသော ရုပ်လက္ခဏာများအနေဖြင့် လူသားတို့ အပူကို ကြောက်ရွံ့ခြင်း၊ အအေးကို လိုလားတောင့်တခြင်း၊ အအိပ်အစားကို လိုလားတောင့်တခြင်း၊ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ အချိုအရသာကိုကြိုက်ခြင်း(တေဇောဓာတ်၊ တစ်နည်းသည်းခြေဒေါသ အဓိကဓာတ်မီး ကြွချိန်ဖြစ်၍ မီးငြိမ်းစာဖြစ်သည့် အချိုအရသာကို ခန္ဓာကိုယ်ရှိသွေးသားမှ လိုလားနှစ်ခြိုက်ခြင်းဖြစ်သည်) စသည်တို့ဖြစ်၍ အဆိုပါလက္ခဏာများမှ ဆန့်ကျင်သော လက္ခဏာများတွေ့ရှိပါက ကျန်းမာမှုပျက်ပြားနိုင်ကြောင်း ကြိုတင်သတိပြုဆင်ခြင်ရမည် ဖြစ်သည်။

နွေဥတု၏ ပထမပိုင်းကာလဖြစ်သော တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ကဆုန်လပြည့်နေ့အထိ နှစ်လတာကာလဖြစ်သည့် ဝသန္တရတုအတွင်း ဆောင်ရန်အချက်များမှာ အာရုံနေရာအားဖြင့် မျက်ရည်၊ နှာရည်ထွက်အောင် မျက်စဉ်းခတ်၊ နှာရှူခြင်း၊ နေ့ခင်းနေ့လယ်တွင် ရေနွေးအမြဲသောက်ပေးခြင်း၊ ချည်ထည်အဝတ်အစားများ ဝတ်ဆင်ခြင်း၊ ဆေးအနေဖြင့် ဇာတိလဝင် (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၃၅)ကို တစ်နေ့သုံးကြိမ်၊ တစ်ကြိမ်လျှင် လူကြီး ၂–ပဲသား၊ ကလေး ၁–ပဲသားနှုန်းဖြင့် သုံးရက်စားသုံးခြင်း၊ အစားအစာအားဖြင့် ကြောင်ပန်းရွက်၊ ဆူးပုပ်ရွက်၊ ကတက်ရွက်၊ ကုက္ကိုရွက်၊ ဆိပ်ဖူး၊ ချင်း၊ မိတ်သလင်၊ ရဲယိုရွက်၊ နှမ်းမနဲ၊ ကြက်/အမဲစွပ်ပြုတ်၊ ဆိတ်၊ အမဲသားနှပ်ဟင်းများ စားသုံးရန် စသည်တို့ဖြစ်သည်။ ရှောင်ရန်အချက်များမှာ ခန္ဓာကိုယ်ကို ချွေးခြောက်စေသည့် ပန်ကာလေ၊ အအေးဖိမ်ခံခြင်း၊ ပူအိုက်မှုကို သက်သာစေရန် အိပ်ရာနေရာကို ရေဖျန်းခြင်း၊ ညအိပ်လျှင် တံခါးဖွင့် လေအေးခံအိပ်ခြင်း၊ လေအေးစက်၊ ပန်ကာများဖွင့်အိပ်ခြင်း စသည်များ အထူးသတိပြုရှောင်ကြဉ်ရန်၊ မွန်းလွဲချိန်နောက်ပိုင်း ရေချိုးခြင်းမပြုမိရန်၊ အေး၊ ချို၊ ဆိမ့်၊ ဖန်သော အစားအစာများ၊ အေး၊ ချဉ်၊ ငန်အရသာရှိသော အစားအစာများ စားသောက်ခြင်း၊ ဆီးနီ၊ ဆီးဝါ၊ ဝမ်းချုပ်သည့် လက္ခဏာ ရှိသည်ကို အစိုးရိမ်လွန်ကဲပြီး အားပြင်းသော ဝမ်းနုတ်ဆေးများ မှီဝဲစားသုံးခြင်းများကို ရှောင်ကြဉ်ရန် သတိပြုရမည်ဖြစ်သည်။

နွေဥတု၏ ဒုတိယပိုင်းကာလဖြစ်သော ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ နှစ်လတာကာလအတွင်း ဆောင်ရန် အချက်များမှာ အာရုံ နေရာအနေဖြင့် နေ့အချိန်တွင်အိပ်ခြင်း၊ ရိုးရိုးယပ်တောင် လေသာခံခြင်း၊ လေညင်းခံခြင်း၊ သင့်တင့်လျောက်ပတ်သော အတိုင်းအတာအထိ ညနေပိုင်းတွင် လမ်းလျှောက်ခြင်း၊ ချည်ထည်အဝတ်များ ဝတ်ဆင်ခြင်း၊ ဆေးအနေဖြင့် ပြည်လုံးချမ်းသာဆေး(တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်–၂၇) ဖြစ်စေ၊ သဗ္ဗဓေယျဆေးစပ်ကြီး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၂၉) ကိုဖြစ်စေ တစ်နေ့လျှင် တစ်ကြိမ်မှသုံးကြိမ်၊ တစ်ကြိမ်လျှင် လူကြီး၂–ပဲသား၊ ကလေး ၁–ပဲသားနှုန်း စားသုံးရန်၊ အစားအစာအနေဖြင့် ဒန့်သလွန်သီး/အရွက်၊ မြန်မာကုက္ကိုရွက်၊ ဝါရွက်၊ ဥသျှစ်ရွက်၊ ရဲယိုရွက်၊ ကြက်သဟင်းရွက်၊ ကတက်၊ ပိတ်ချင်း၊ ငရုတ်၊ နနွင်း၊ ပင်စိမ်း၊ ကန့်ချုပ်ဖြူ၊ ဆူးပုပ်၊ ဆိပ်ဖူး၊ ချင်း၊ မိတ်သလင်၊ အသားအဖြစ်ကြက်၊ ခါ၊ ချိုး၊ ဆိတ်၊ နွား၊ သိုးသားစသည်များကို ဆီပြန်ချက်စားခြင်း၊ ရှောင်ရန်အချက်များမှာ အပူရှိန်အလွန်ပြင်းထန်သည့် နေ့လယ်မွန်းလွဲသုံးနာရီအတွင်း ရေချိုးခြင်း၊ ချောင်း–မြောင်း–မြစ်ရေများ သုံးစွဲခြင်း၊ လွန်ကဲစွာ အပင်ပန်းခံခြင်းများ၊ အေး၊ ခါး၊ ဖန်၊ ချို၊ ဆိမ့်၊ ချဉ်သော အရသာရှိသည့် အစားအစာများ စားသောက်ခြင်း စသည်တို့ကို ရှောင်ကြဉ်ရန်ဖြစ်သည်။

နွေဥတုတွင် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲဖြစ်ခြင်း၊ မျက်စိကျိန်း၊ မျက်စိနာခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ အပူဝင်၊ အပူငုပ်ခြင်း၊ ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ခြင်းစသည်များ ဖြစ်ပွားတတ်သည်။

ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါများဖြစ်ခြင်းတို့အတွက် ပြုစုကုသနည်းမှာ ချွေးထွက်စေရန် ကွမ်းရွက် သုံးရွက်ကို ထန်းလျက် သုံးလုံးခန့် ရေနွေးနှင့် ပြုတ်၍ တစ်ခါသောက်လျှင် အကြမ်းပန်းကန် နှစ်လုံးပမာဏခန့် ပူပူသောက်ပေးခြင်း၊ လေလုံရာအခန်းတွင်နေစေပြီး အဝတ်ထူထူဝတ်စေခြင်း၊ နနွင်းမှုန်း(သို့) အကင်းဆယ်ပါးဆေးမှုန့် (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၄၃)ကို မှိုင်းရှူပေးခြင်း၊ ကွမ်းရွက်သန့်သန့်ကို ညှစ်၍ မျက်စဉ်းခတ်ပေးခြင်း၊ စက္ခုပါလဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်–၁၂)ကို ညအိပ်ရာဝင်တွင် ရေအေးဖြင့် လူကြီး ၂–ပဲသား၊ ကလေး ၁–ပဲသား၊ တစ်နေ့တစ်ကြိမ်သောက်ပေးခြင်း၊ သွေးဆေးနီကြီး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၇)ကိုဖြစ်စေ၊ မတဲမြင့်မိုရ်ကုန်းဆေး(တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်–၂၅)ကိုဖြစ်စေ၊ တစ်နေ့သုံးကြိမ်၊ တစ်ကြိမ်လျှင် လူကြီး၂–ပဲသား၊ ကလေး၁–ပဲသားနှုန်းဖြင့် ရေနွေး(သို့) ကွမ်းရွက်ပြုတ်ရည်ဖြင့် သုံးရက် တိုက်ပေးခြင်းတို့ဖြစ်သည်။

မျက်စိကျိန်း၊ မျက်စိနာခြင်းတို့အတွက် ပြုစုကုသနည်းမှာ မန်ကျည်းခေါက်နှင့် ဆားကိုသွေး၍ နဖူးကိုလိမ်းပေးခြင်း၊ ဆင်တုံးမနွယ်(သို့) ဆီးဖြူသီးကို ဆားနှင့်သွေး၍ဖြစ်စေ မျက်စိကိုကွင်းပေးခြင်း၊ ဖီးကြမ်းငှက်ပျောသီးပျော်ပျော်ကိုစားစေခြင်း၊ ညအိပ်ရာဝင်တွင် မန်ကျည်းဖျော်ရည်ကို ဆားခတ်ပြီး သောက်စေခြင်း၊ နံနက်အိပ်ရာထ မျက်နှာသစ်သည့်အခါ (ဒူးအောက်ပိုင်း) ခြေထောက်ကို ရေးဦးစွာလောင်းပြီးမှ မျက်နှာသစ်ခြင်း၊ မျက်စိစူးလျှင်နနွင်းကို ရေနွေးဖြင့် မှိုင်းခံရှူစေခြင်း၊ ဆေးအဖြစ်ဟလိဒ္ဒစုဏ္ဏာင်းဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၆)နှင့် အပူငြိမ်းသွေးဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၆)တို့ကို တစ်နေ့သုံးကြိမ်သုံးရက်၊ တစ်ကြိမ်လျှင် လူကြီး ၂–ပဲသား၊ ကလေး ၁–ပဲသားတိုက်ခြင်း၊ အကင်းဆယ်ပါးဆေးမှုန့်(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၄၃)ကို လိမ်းပေးခြင်းတို့ ဖြစ်ပါသည်။

နှာခေါင်းသွေးလျှံခြင်းအတွက် ပြုစုကုသနည်းမှာ နှာခေါင်းမှသွေးများ စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်ပြီးနောက် အနံ့မပြင်းသည့် သွေးဆေးအေးတစ်ခုခုကိုဖြစ်စေ သပြေ၊ ဩဇာ၊ မာလကာရွက် ရရာတစ်ခုခုကို ပွတ်ချေ၍ဖြစ်စေ ရှူစေခြင်း၊ ဦးခေါင်းကိုမော့ပြီး ရေခဲရေကို ရှူလိုက်၊ ထုတ်လိုက် လုပ်စေခြင်း စသည်တို့ကို ပြုလုပ်ပြီးမှ သကြားနှင့် သံပရာရည်ချိုချို ဖျော်၍ ဖြစ်စေ၊ ဖရဲသီးမှည့်နှင့် သကြားကို ရော၍ဖြစ်စေ၊ သခွားသီးရင့်ရင့်ကို ဖြစ်စေ စားစေခြင်း၊ ကျောက်ဖရုံသီး(သို့) ဘူးသီးတို့ကို အချိုချက်စားစေခြင်း၊ ပူ၊ စပ်၊ ခါးအရသာရှိသော အစားအစာ များကို ရှောင်ကြဉ်စေ၍ အရိပ်ထဲတွင် နေကာ ပက်လက်အိပ်စေခြင်းတို့ဖြစ်သည်။ တိုက်ကျွေးရန်ဆေးမှာ သွေးဆေးအအေးဖြစ်သော အပူငြိမ်းသွေးဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၆)ကို တစ်နေ့သုံးကြိမ် တစ်ကြိမ်လျှင် လူကြီး၂–ပဲသား၊ ကလေး ၁–ပဲသား နှုန်းဖြင့် သောက်စေရန်နှင့် ယင်းဆေးကိုပင် သွေးလျှံသည့်နေရာသို့ သိပ်ပေးရန်ဖြစ်သည်။

အပူဝင်၊ အပူငုပ်ရောဂါများအတွက် ပြုစုကုသနည်းမှာ ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါများ ပြုစုကုသနည်းအတိုင်းဖြစ်ပြီး တိုက်ကျွေးရန်ဆေးမှာ သွေးဆေးနီကြီး(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၇)ကို ထန်းလျက်ပြုတ်ရည်နှင့် လူကြီး ၂–ပဲသား၊ ကလေး ၁–ပဲသားနှုန်းဖြင့် နံနက်တစ်ကြိမ်၊ နေ့ခင်းတစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ်တိုက်ပြီး ညနေပိုင်းတွင် မတဲမြင့်မိုရ်ကုန်းဆေး(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၂၅)ကိုလူကြီး–၂ပဲသား၊ ကလေး ၁–ပဲသားနှုန်းဖြင့် ကွမ်းပြုတ်ရည်ဖြင့်တိုက်လျက် ညအိပ်ရာဝင်တွင် ဆီးဒူလာဆေး(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၉)ကိုလူကြီး ၂ပဲသား၊ ကလေး၁–ပဲသားနှုန်းဖြင့် ဝမ်းနုတ်ဆေးအဖြစ် တိုက်ကျွေးရန်ဖြစ်ပါသည်။

ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ခြင်းများအတွက် ပြုစုကုသနည်းမှာ အချိန်ကာလ ကြာမြင့်စွာထိုင်၍ အလုပ်လုပ်ကိုင်ခြင်းနှင့် ရေခဲနှင့် ဆီမျှားသော အစားအစာများ စားသောက်ခြင်း၊ အပူဆေး၊ အပူအစာများ စားသောက်ခြင်းတို့ကို ရှောင်ကြဉ်စေ၍ နံနက်အိပ်ရာထတွင် ရေကိုဝအောင်သောက်စေခြင်း၊ ကန့်ကလာ(သို့) ချင်းကို ထန်းလျက်နှင့် ပြုတ်၍ သောက်စေခြင်း၊ ကျောက်ဖရုံယိုကို ရေစိမ်၍ သောက်စေခြင်း၊ ထမင်းရည်၊ ဆန်ပြုတ်ရည်တွင် နို့ထည့်၍ သကြားချိုချိုခပ်သောက်စေခြင်း၊ ကြံနက်ကိုမီးဖုတ်၍ အခွံခွာလျက် စုပ်စေခြင်း (စက်ကြိတ်ကြံရည်မဟုတ်ကြောင်း သတိပြုရန် ဖြစ်သည်။)တို့ဖြစ်ပြီး ဆေးအနေဖြင့်လည်း ဆီးဆေးဖြူ (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၂၁) ကို နံနက်ပိုင်းနှစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ်၊ လူကြီး ၂–ပဲသား၊ ကလေး ၁–ပဲသားနှုန်းဖြင့် ရေအေးနှင့်ဖြစ်စေ၊ သကြားရည်ဖြင့်ဖြစ်စေ သောက်ရန်ဖြစ်သည်။

ဖော်ပြခဲ့သော ရောဂါပြုစုကုသနည်းများတွင် ထည့်သွင်းအသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးများနှင့် စပ်လျဉ်း၍ သွေးတိုးနှင့် ကျောက်ကပ်ရောဂါရှိသူများအတွက် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၆နှင့်၂၅တို့ကိုလည်းကောင်း၊ အမျိုးသမီးများ ကိုယ်ဝန်နုစဉ်ကာလနှင့် ဓမ္မတာကာလတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၇ကို လည်းကောင်း၊ အမျိုးသမီးများ ဓမ္မတာသွေးပေါ်ခါနီးနှင့် ပေါ်ဆဲကာလတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၆ကိုလည်းကောင်း၊ အမျိုးသမီးများ ကိုယ်ဝန်ရှိစဉ်ကာလနှင့် ဆီးနှင့်ကျောက်ကပ်ရောဂါ၊ သွေးဝမ်းရောဂါရှိသူများအတွက် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၂၉ကိုလည်းကောင်း စားသုံးခြင်း မပြုကြရန် အလေးဂရုပြုရမည်ဖြစ်သည်။

ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ဆေးဝါးများမှီဝဲသုံးစွဲနေစဉ် အလေးဂရုပြုရမည့် အချက်များကို သိရှိပြီး အာနိသင်ထက်မြက်၍ စရိတ်စက သက်သာသည့် တိုင်းရင်းဆေးဝါး များကို စနစ်တကျ မှီဝဲစားသုံးခြင်းဖြင့် မိမိ၏မိသားစုအတွင်းသာမက အခြားသူများ အတွက်ပါ ကျန်းမာရေး စောင့်ရှောက်မှုတစ်ရပ်အဖြစ် အထောက်အကူပြုနိုင်မည်။

ထို့ပြင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၆ စားသုံးနေစဉ် အပူအစပ်အစာများ စားသုံးခြင်းကို ရှောင်၍ အေး၊ ချိုအရသာရှိသော အစားအစာစားခြင်း၊ ရေကျက်အေးသောက်ခြင်းများ ပြုသင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၂စားသုံးနေစဉ် ကြေညက်လွယ်သောအစာ၊ အရည်ရွှမ်းသောအစားအစာများ စားသင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၆ကို စားသုံးနေစဉ် ပူ၊ ခါး၊ စပ်အရသာရှိသော အစားအစာများကို ရှောင်ကြဉ်စေ၍ အရည်ရွှမ်းပြီး လတ်ဆတ်သော သီးနှံများကို စားသုံးသင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၇ စားသုံးနေစဉ် ကိုယ်ကို နွေးနွေးထွေးထွေးဖြစ်အောင်နေပြီး ရေကျက်အေးဖြင့် ရေချိုးခြင်း၊ အအေးခံ၊ အပူခံလွန်းခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။

တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်– ၂၁ကိုစားသုံးနေစဉ် ခြေထောက်နှင့် ဝမ်းဗိုက်ပိုင်း နွေးထွေးစွာထား၍ ရေနွေးဖြင့် ရေချိုးပြီး အအေးခံခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၂၅ကို စားသုံးနေစဉ် ရေခဲရေ၊ ကြံရည်စသော အအေးဖွဲ့သော အစားအစာများကို ရှောင်ကြဉ်သင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေး ဆေးအမှတ်–၂၇ကို စားသုံးနေစဉ် ရေနွေးဖြင့်ရေချိုးခြင်း၊ ရေနွေးကြပ်ထုပ်ထိုးပေးခြင်း ပြုလုပ်စေ၍ အေးချွဲသော အစားအစာများ စားခြင်း၊ လေတိုက်ခံခြင်း၊ ရေအေးဖြင့်ရေချိုးခြင်း၊ အလုပ်ကို ပင်ပန်းမှုလွန်ကဲစွာ လုပ်ကိုင်ခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။

တိုင်းရင်းဆေး ခန်းသုံး ဆေးအမှတ်–၂၉ကို စားသုံးနေစဉ် ပူ၊ စပ် အရသာရှိသော အစားအစာများကိုစား၍ ရေနွေးဖြင့် ရေချိုးခြင်း၊ အေး၊ ချို၊ ချွဲသော အစားအစာများစားခြင်း၊ အအေးခံလွန်းခြင်း၊ လေအေးတိုက်ခံလွန်းခြင်း စသည်တို့ကို ရှောင်ကြဉ် သင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၃၅ကို စားသုံးနေစဉ် ပူ၊ စပ်၊ ခါး အရသာရှိသော အစားအစာကိုသာစားပြီး အအေးစာများကို ရှောင်ကြဉ်သင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၄၃ကို လိမ်းနေစဉ် ခန္ဓာကိုယ်ကို နွေးထွေးအောင်နေရန် လိုအပ်ပြီး အအေးခံခြင်း၊ အပူခံခြင်းများ ရှောင်ကြဉ်သင့်ပါသည်။

အထက်ပါ**ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ဆေးဝါးများမှီဝဲသုံးစွဲနေစဉ် အလေးဂရုပြုရမည့် အချက်များကို သိရှိပြီး အာနိသင်ထက်မြက်၍ စရိတ်စက သက်သာသည့် တိုင်းရင်းဆေးဝါးများကို စနစ်တကျ မှီဝဲစားသုံးခြင်းဖြင့် မိမိ၏ မိသားစုအတွင်းသာမက အခြားသူများအတွက်ပါ ကျန်းမာရေး စောင့်ရှောက်မှုတစ်ရပ်အဖြစ် အထောက်အကူပြုနိုင်မည်** ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာ မျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေး ဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

(၂၂)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံ ဟိုတယ်သစ်၌ ဧပြီ ၃၀ ရက်က ကျင်းပရာ ထိုင်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ထိုင်းဘုရင့် တပ်မတော် အမှတ်(၃) စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဖိချန်းမိတ်မောင်မန်နီက အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ကျိုင်းတုံ၌ ကျင်းပ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေး အပြုသဘောဆွေးနွေးမှုများ အောင်မြင်

ရန်ကုန် မေ ၂

(၂၂)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံဟိုတယ်သစ်၌ကျင်းပရာ အခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့အဖြစ် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တပ်မတော် အရာရှိကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်နှင့် စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်တို့ တက်ရောက်ကြပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့အဖြစ် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် အမှတ်(၃)စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဖိချန်းမိတ်မောင်မန်နီ ဦးဆောင်သောအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ထိုင်းဘုရင့်တပ်မတော် အမှတ်(၃)စစ်တိုင်း တိုင်းမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ဖိချန်းမိတ်မောင်မန်နီတို့က အမှာစကား အသီးသီးပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းနှီးစွာဆွေးနွေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီးဖိချန်းမိတ်မောင်မန်နီတို့သည် ကျိုင်းတုံဟိုတယ်သစ် ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။

(၂၂)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး၏ အတွင်းရေးမှူးအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲများကို ဧပြီ ၃၀ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင်လည်းကောင်း၊ မေ ၁ ရက် နံနက် ၈ နာရီတွင် လည်းကောင်း ကျိုင်းတုံဟိုတယ်သစ် အစည်းအဝေးခန်းမ၌ အသီးသီးကျင်းပ ခဲ့ရာ မြန်မာအတွင်းရေးမှူးအဖွဲ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အဖွဲ့ဝင်များ တက်ရောက်၍ ထိုင်း အတွင်းရေးမှူးအဖွဲ့တွင် ထိုင်း–မြန်မာ နယ်ခြားကော်မတီဆက်ဆံရေးရုံးမှ ဗိုလ်ချုပ်ဂျဒက်ဆငွန်ချတ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရှိရသည်။

အတည်ပြုလက်မှတ်ထိုး

မေ ၁ ရက် မွန်းလွဲ ၁ နာရီတွင် (၂၂) ကြိမ်မြောက် မြန်မာ–ထိုင်းဒေသ ဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ကျိုင်းတုံမြို့ ကျိုင်းတုံဟိုတယ်သစ် အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ထိုင်းဘုရင့် တပ်မတော် အမှတ်(၃)စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဖိချန်းမိတ် မောင်မန်နီတို့က မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး သဘောတူညီချက်မှတ်တမ်းကို အတည်ပြု လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နှစ်နိုင်ငံ အဖွဲ့ခေါင်းဆောင်နှစ်ဦးတို့သည် နိဂုံးချုပ်အမှာ စကားအသီးသီး ပြောကြားကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ဖိချန်းမိတ်မောင်မန်နီက တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်အား အမှတ်တရ လက်ဆောင်ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီးနောက် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင် များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာ နှင့် ထိုင်း နှစ်နိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံရေး၊ နှစ်နိုင်ငံ တပ်မတော်အချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး စသည့် အပြုသဘောဆောင်သော ဆွေးနွေးမှုများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂိုးစတားကြွေပြား၊ ကျောက်ပြားအရောင်းပြခန်းဖွင့်

ရန်ကုန် မေ ၂

ဂိုးစတား(Gold Star)ကြွေပြား၊ ကျောက်ပြားအရောင်းပြခန်း ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး နှင့် အေးရိပ်မွန်လမ်းထောင့် အမှတ် (၄၁/၄၂)၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှင်းလင်းပြသ

ဖွင့်ပွဲအခမ်းအနားတွင် ဂိုးစတား (Gold Star) အရောင်းပြခန်း (ရန်ကုန်)၌ ခင်းကျင်းပြသထားသည့် အိမ်ခန်းအလှဆင် ကြွေပြား၊ ကျောက်ပြားများနှင့် ရေချိုးခန်းသုံးပစ္စည်း များကို တက်ရောက်လာကြသူများ အား ရှင်းလင်းပြသသည်။

ဂိုးစတား(Gold Star)ကြွေပြား၊ ကျောက်ပြားများနှင့် ရေချိုးခန်းသုံး ပစ္စည်းအရောင်းပြခန်း၌ ကြွေပြား၊ ကျောက်ပြားအမျိုးမျိုး၊ Ceramic Tiles, Granite, Marble ကျောက် ပြားများ၊ ဖန်ဘလောက်တုံး အမျိုးမျိုး၊ လက်ဆေးကန်၊ ရေချိုးကန်နှင့် ရေချိုး ခန်းသုံးပစ္စည်းအမျိုးမျိုးတို့ကို ခင်းကျင်း ပြသထားသည်။

ရောင်းချပေးသွားမည်

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မေ ၁ ရက်မှ မေ ၁၅ ရက်အတွင်း ဝယ်ယူ သူများအား အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။ လက်လီလက်ကား ဝယ်ယူလိုသူများ အနေဖြင့် ရန်ကုန်အရောင်းပြခန်း အမှတ် ၄၁/၄၂ ဘုရင့်နောင်လမ်းမကြီး နှင့် အေးရိပ်မွန်လမ်းထောင့် လှိုင် မြို့နယ်ရန်ကုန်မြို့ ဖုန်း–၀၁–၆၈၂၉၅၉၊ မန္တလေး အရောင်းပြခန်း အမှတ် ၂၆၁ (အေ) (၃၂)လမ်း ၈၂ လမ်း x ၈၃ လမ်းကြား မန္တလေးမြို့ ဖုန်း–၀၂– ၃၃၈၅၈ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မွေး/ရေ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တီလားပီးယား ငါးဈေးပွဲတော်(၂၀၀၅) ဆုရရှိသော ပြိုင်ပွဲဝင်ဆိုင်များအား ဆုများချီးမြှင့်

ရန်ကုန် မေ ၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် တီလားပီးယား ငါးဈေးပွဲတော်(၂၀၀၅)တွင် တီလား ပီးယားငါးကို အသုံးပြု၍ အစားအစာများချက်ပြုတ်ယှဉ်ပြိုင်ပွဲ၌ ဆုရရှိကြသော ပြိုင်ပွဲဝင်ဆိုင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဘုရင့်နောင် လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်ပြီး ဆုများချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက တီလားပီးယားငါး ချက်ပြုတ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိသည့် ဟိုတယ်နှင့် စားသောက်ဆိုင် ရှစ်ဆိုင်၊ အထူးဆု ရွှေတံဆိပ်ဆု ရရှိ သည့် ဟိုတယ်နှင့် စားသောက်ဆိုင် နှစ်ဆိုင်နှင့် မုန့်ဟင်းခါး အထူးဆု ရွှေတံဆိပ်ရ ဆိုင်တစ်ဆိုင်တို့အား လည်းကောင်း**(အပေါ်ပုံ)**၊ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်း ထွန်းက တီလားပီးယား ငါးချက်ပြုတ် ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ ဟိုတယ်နှင့် စားသောက် ဆိုင် ၁၅ ဆိုင်တို့အားလည်း ကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က တီလား ပီးယား ငါးချက်ပြုတ်ပြိုင်ပွဲတွင် ငွေ တံဆိပ်ဆုရ ဟိုတယ်နှင့်စားသောက် ဆိုင်ကိုးဆိုင်နှင့် အထူးဆု ငွေတံဆိပ်ရ ဆိုင်သုံးဆိုင် တို့အားလည်းကောင်း၊ တီလားပီးယား ငါးဈေးပွဲတော် (၂၀၀၅) ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဟန်ထွန်းက တီလားပီးယား ငါးချက်ပြုတ်ပြိုင်ပွဲတွင် ကြေးတံဆိပ် ဆုရ ဟိုတယ်နှင့် စားသောက်ဆိုင် ၁၃ ဆိုင်တို့အားလည်းကောင်း၊ မြန်မာ နိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသန်းလွင်က တီလား ပီးယားငါး ချက်ပြုတ်ပြိုင်ပွဲတွင် ကြေး တံဆိပ်ဆုရ ဟိုတယ်နှင့် စားသောက် ဆိုင် ၁၀ ဆိုင်တို့အား လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုလွှာ

ထို့နောက် တီလားပီးယားငါးဈေး ပွဲတော်(၂၀၀၅)တွင် လာရောက်ရောင်းချ သော ဟိုတယ်နှင့် စားသောက်ဆိုင် များအား ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**

ပြန်/ဆက်ဦးစီးဌာနသည် မီဒီယာအပေါ်အခြေခံပြီး ပြည်သူနှင့်ထိတွေ့ရသည့်အခွင့်အရေးရှိ လုပ်ငန်းနှင့်စပ်လျဉ်း၍ တကယ်သိ၊ တကယ်တတ်ပြီး ကျွမ်းကျင်အောင်လေ့လာ မှန်ကန်သော မျိုးချစ်စိတ်ဓာတ် မိမိတို့သန္တာန်၌ ခိုင်မာနေစေရေးကြိုးပမ်း

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကဖွင့်လှစ်သည့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း(အရာရှိ) အမှတ်စဉ် (၂/၂၀၀၅) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (အရာရှိ) အမှတ်စဉ် (၂/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပို့ချပေးကြမည့် သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင်ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူများအတွက် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် ပညာပေးရန်ဟူသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာ၌ဝန်ကြီးဌာနအောက်ရှိလုပ်ငန်းဌာန ငါးခုဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဟူသော ဌာနများနှင့် နှိုင်းယှဉ်ပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် မိမိဌာနမှ ထုတ်လုပ်သည့် မီဒီယာအပေါ် အခြေခံ၍ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး လုပ်ဆောင်နိုင်သည့် အခွင့်အရေးရှိသည်ကို တွေ့နိုင်ကြောင်း၊ ယင်းအချက်မှာ အခြားဌာနများထက် သာလွန်သည့် အချက်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့နယ်မြေအသီးသီးသို့ ရောက်ရှိပါက ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံပြီး ပြန်ကြားရေး၊ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းသို့သော အခွင့်အရေးရတိုင်း အဆိုပါ အားသာချက်များကို အသုံးချသွားရန် တိုက်တွန်းလိုကြောင်း။

ယခုကဲ့သို့ သင်တန်းများဖွင့်ရခြင်း၏ ရည်ရွယ်ချက်မှာပထမအချက်အနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ အခြေခံလုပ်ငန်းများကျွမ်းကျင်ရန်နှင့်သင်တန်းသားများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရန်၊ ဒုတိယအချက်အနေဖြင့် သင်တန်းသားများ၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးမြင့်မားရန်နှင့် တတိယအချက်အနေဖြင့် ယနေ့နိုင်ငံတော်၏ ရည်မှန်းချက်၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၅-၂၀၀၆ ရည်မှန်းချက်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၀၅-၂၀၀၆ရည်မှန်းချက် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးဟူသော ရည်ရွယ်ချက် သုံးရပ်ပေါက်မြောက် အောင်မြင်အောင် လေ့ကျင့်သွားရမှာဖြစ်ကြောင်း၊ ဆွေးနွေးပို့ချမည့် နည်းပြများကလည်း ယင်းရည်မှန်းချက်များကို ပေါက်မြောက်အောင် မိမိတို့ဘာသာရပ်များနှင့် ဆက်နွယ်လေ့ကျင့်သင်ကြား ပို့ချပေးကြရန်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတာဝန်ထမ်းဆောင်ရမည့် လုပ်ငန်းနှင့် ပတ်သက်၍ တကယ်သိ၊ တကယ်တတ်အောင်ကျွမ်းကျင်အောင် လေ့လာရန် လိုအပ်ကြောင်း၊ လုပ်ငန်းအခြေခံလိုအပ်ချက်များကို တကယ်သိရုံတတ်ရုံဖြင့်လည်း မလုံလောက်ဘဲ အမှန်တကယ်လက်တွေ့လုပ်မှလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမည်ဖြစ်ကြောင်း၊ တာဝန်ကျေပွန်စွာထမ်းဆောင်လိုခြင်း၊ ထိုးထွင်းဉာဏ်ရှိမှုနှင့် လုပ်ငန်းကျွမ်းကျင်မှုတို့ရှိရန် လိုအပ်ကြောင်း။

ခိုင်မာအောင်မွေးမြူ

စိတ်ပိုင်းဆိုင်ရာ အရည်အသွေးမြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် တိုင်းပြည်နှင့် လူမျိုးကိုချစ်သည့်စိတ်ရှိရန်နှင့် ယင်းမျိုးချစ်စိတ်မြင့်မားအောင်၊ ခိုင်မာအောင် သင်တန်းက ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများက အလေးအနက်ထားရမှာဖြစ်ကြောင်း၊ မည်သည့် အခက်အခဲ အတားအဆီးတွေ့ပါစေ၊ တိုင်းပြည်နှင့် လူမျိုးကို သစ္စာစောင့်သိစိတ် ခိုင်မာအောင် မွေးမြူရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဟူသည့် မျိုးချစ်စိတ်များသည်သာ မှန်ကန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သဖြင့် မှန်ကန်သည့် မျိုးချစ်စိတ်ဓာတ်ကို မိမိတို့သန္တာန်မှာ ခိုင်မာနေစေရန်ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ ယခုသင်တန်းတွင် သင်တန်းသား သင်တန်းသူများသည် လက်တွေ့ပိုင်းအနေဖြင့် ယခုဆွေးနွေးသည့်အချက်များကိုမှတည်၍ လက်တွေ့လေ့ကျင့်ပေးရန်ဖြစ်ကြောင်း၊ ရည်မှန်းချက်များအောင်မြင်ရန်တက်ညီလက်ညီနှင့် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် အမာခံပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးမှူးများ အဖြစ်ကြိုးကြိုးစားစားဖြင့် မိမိတို့ကျရာနယ်မြေမှာ ထမ်းဆောင်သွားမည်ဆိုပါက နိုင်ငံတော်၏ ရည်မှန်းချက်များလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးလူထုဆက်သွယ်ရေးနည်းဖြင့် ဆောင်ရွက်သွားကြရန်နှင့် ဝန်ကြီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့၏ ၂၀၀၅-၂၀၀၆ ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း၊ ၎င်းရည်မှန်းချက်များနှင့် ကိုက်ညီသည့် သင်ခန်းစာများကို ပြုစုပို့ချလေ့လာမှတ်သားစေပြီး သင်တန်းသားများထံမှရည်မှန်းချက်များ အောင်မြင်အောင်မည်ကဲ့သို့ ဆောင်ရွက်မည့် အကြံဉာဏ်နှင့် အစီအစဉ်များကိုလည်း လက်တွေ့လေ့ကျင့်ဆောင်ရွက်သွားရန်လိုကြောင်း။

ယနေ့နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသများတွင် စာပေဖတ်သည့် အလေ့အထများရှိအောင် ဆောင်ရွက်ရန်၊ ဒါ့ကြောင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်ခြင်းသည် အရေးကြီးကြောင်း၊ မည်ကဲ့သို့ ရှင်သန်အောင်ဆောင်ရွက်ရမည်ဆိုတာကိုညွှန်ကြားပြီးဖြစ်ကြောင်း၊ လက်တွေ့နှင့် ပေါင်းစပ်ကျင့်သုံးပြီး မိမိတို့၏ မြို့နယ်ရုံးများ ပြန်ရောက်ပါက ကျန်ဝန်ထမ်းများကို On Job Training လုပ်ပေးရန်လိုအပ်ကြောင်း၊ သို့မှသာလျှင် ဌာန၏ စွမ်းဆောင်ရည်မြင့်မားလာမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် သင်တန်းတွင် ပို့ချမည့်ပြင်ပနှင့် ဌာနဆိုင်ရာများမှ ဆရာ ဆရာမများကို အထူးကျေးဇူးတင်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ရနိုင်သမျှသော ဗဟုသုတ၊ကျွမ်းကျင်မှု၊ အတွေးအခေါ် စိတ်ပိုင်းဆိုင်ရာ သဘောထားများကို သင်ယူလေ့လာပြီး မိမိဌာန၏ ရည်မှန်းချက်များကို အောင်မြင်စွာ ကြိုးစားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ဖြင့် ပြောကြားသွားသည်။

အဆိုပါသင်တန်းကို ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ ၅၆ဦး တက်ရောက်ပြီး သင်တန်းကာလမှာရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ပီနန်-မြန်မာစီးပွားရေးအခွင့်အလမ်းများ ဆွေးနွေးပွဲ ကျင်းပပြုလုပ်မည်

ရန်ကုန် မေ ၂

မလေးရှားနိုင်ငံ ပီနန်ပြည်နယ် အစိုးရဌာနများမှ ပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍ မေ ၅ ရက် နံနက် ၁၀ နာရီတွင် ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပူးပေါင်း၍ Penang- Myanmar Business Opportunities ဆွေးနွေးပွဲကို ကျင်းပပြီးနောက် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း စီးပွားရေးလုပ်ငန်းကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။ ဆွေးနွေးပွဲသို့တက်ရောက်၍ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံဆွေးနွေးရန် စိတ်ဝင်စားသည့် အသင်းဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ် ၅၀၄/၅၀၆ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၈၁၂၈၄၊ ၃၈၁၂၈၅၊ ၂၄၆၄၈၅တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်သည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

အင်္ဂလိပ်ကံထူးရှင်ရွေးချယ်

ရန်ကုန် မေ ၂

ယူအေအီးနိုင်ငံ အက်စ်ဆဲလ်ဂါးဖ်အက်ဖ်ဇက်အီးက ထုတ်လုပ်သော အက်စ်ဆဲလ်တံဆိပ်အင်ဂျင်ဝိုင်၊စက်ဆီ၊ ချောဆီများကို မြန်မာနိုင်ငံတစ်ဝန်း ဖြန့်ချိရန်အတွက် ဂိုးဒင်းဟောက်စ်အင်တာနေရှင်နယ် လီမိတက်အား တစ်ဦးတည်းအရောင်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားပြီးဖြစ်ရာ အက်စ်ဆဲလ်အင်ဂျင်ဝိုင်၏ ပထမအကြိမ်ကံထူးရှင်ရွေးချယ်ပွဲကို ဧပြီ ၃၀ရက်ညနေပိုင်းတွင် အမ်သရီးဖုဒ်စင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒါရိုက်တာ ဦးလှမင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကံထူးရှင်များအား တက်ရောက်လာသော ဧည့်သည်တော်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများက မဲနှိုက်ရွေးချယ်ကြပြီး ပထမဆု ကျပ်ငါးသိန်းကို မန္တလေးမြို့နေ ဒေါ်နုနုရီအားလည်းကောင်း၊ ဒုတိယဆု ကျပ်သုံးသိန်းကို FMI City နေ ဦးစိုးမြင့်အားလည်းကောင်း၊ တတိယဆု ကျပ်တစ်သိန်းကို မန္တလေးမြို့ သမာဓိကားပစ္စည်းဆိုင်အားလည်းကောင်း၊ နှစ်သိမ့်ဆု ကျပ်တစ်သောင်းတန် ၁၀ ဆုကို မန္တလေးမြို့မှ ကံထူးရှင်ခြောက်ဦးနှင့် ရန်ကုန်မြို့မှ ကံထူးရှင်လေးဦးတို့အားလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(က-ပ)

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုးကုတ်ဝိပဿနာ ပန္နက်တင်မင်္ဂလာ

ရန်ကုန် မေ ၂

တစ်ဘဝသာသနာ ကျမ်းပြုဆရာတော် အရှင်ဃောသိတအား ဦးထိပ်ထားလျက် ဇေယျဝတီဆရာတော်ဘဒ္ဒန္တသောဘန၏ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာကျောင်းကို မြေကွက်အမှတ်(၅) မေခလမ်း သစ်ဆိမ့်ကုန်းရပ် မင်္ဂလာဒုံမြို့နယ်၌ ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ကောသလ္လအမှူးပြု၍ ပင့်သံဃာ ၁၀ ပါးတို့က တန်ခူးလပြည့်ကျော် ၁၀ရက် (မေ ၃ ရက်) အင်္ဂါနေ့ နံနက် ၇ နာရီတွင် ပန္နက်တင်မင်္ဂလာကျင်းပမည်ဟု သိရသည်။

(မြန်မာ့အလင်း)

မေ ၁ ရက်က ဗဟန်းမြို့နယ် ကျိုက္ကဆံ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းခွဲ၏ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ရပ်ကွက်အသင်းခွဲ နေ့ကလေး ထိန်းကျောင်း၌ ကျင်းပရာ သက်ကြီးဘိုးဘွား ၁၁ ဦးတို့အား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူ၊ ရပ်ကွက်အသင်းခွဲဥက္ကဋ္ဌနှင့် အမှုဆောင်များက ကန်တော့ပစ္စည်းများပေးအပ်စဉ်။ (မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် မကွေးတိုင်း အမျိုးသမီးဘောလုံးအသင်း စခန်းသွင်းလေ့ကျင့်

ရန်ကုန် မေ ၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် လာမည့် မေ ၅ ရက်၌ စတင်ကျင်းပမည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မကွေးတိုင်း အမျိုးသမီးအားကစားအဖွဲ့၏ စီစဉ်မှုဖြင့် မကွေးတိုင်း အမျိုးသမီးဘောလုံးအသင်းကို စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

မကွေးတိုင်း အမျိုးသမီးဘောလုံးအသင်းကို မကွေးတိုင်း အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်က အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး အုပ်ချုပ်သူအဖြစ် ဒေါ်လှမြိုင် (ဦးစီးအရာရှိ အား/ကာ)၊ နည်းပြဆရာများအဖြစ် ဦးသန်းညွန့်လေး (မကွေး လက်ရွေးစင်ဟောင်း)၊ တွဲဖက်နည်းပြအဖြစ် ဦးစောကိုလေး (ဂန့်ဂေါခရိုင်)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

မကွေးတိုင်း အမျိုးသမီးဘောလုံးအသင်းတွင် အားကစားသမားများအဖြစ် **(ဂိုး)** ဆွေဇင်ထိုက်၊ ဖြူဖြူခိုင်၊ တင်ဌေးခိုင်၊ **(နောက်တန်း)** ဝေဇင်အောင်၊ ခင်ဇာဇာကျော်၊ သင်းသင်းဆွေ၊ ခင်သက်ဝေ၊ ယဉ်မင်းလှိုင်၊ အောင်ဆန်းယု၊ သင်းနုအေး၊ မမိုးဝေ၊ **(အလယ်တန်း)** ရီရီဦး၊ တင်ဌေးခိုင်၊ မလန်းမေ၊ ခင်ခင်နှောင်း၊ ချယ်ရီစိန်၊ **(ရှေ့တန်း)** ဝင်းဝင်းမာ၊ ညိုညိုမာ၊ အေးအေးငြိမ်း၊ နှင်းနန္ဒာဝင်း၊ ငြိမ်းငြိမ်းအိ၊ နွယ်နွယ်ဝင်း၊ မစန်းတို့ ပါဝင်သည်။

မကွေးတိုင်း အမျိုးသမီးဘောလုံးအသင်း အောင်နိုင်ရေးအတွက် မကွေးတိုင်း ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးသွင်လင်း (မကွေးတိုင်း ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ)၊ မကွေးတိုင်း အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်၊ မကွေးတိုင်း အားကစားမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်တို့က အနီးကပ် သင်ပြပေးလျက်ရှိသည်။ မကွေးတိုင်း အမျိုးသမီးဘောလုံးအသင်းသည် ယခုနှစ်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် ဧပြီ ၅ ရက်မှစတင်၍ မကွေးခရိုင် အားကစားကွင်း၌ စခန်းသွင်းလေ့ကျင့်မှုများ အပြင်းအထန် ပြုလုပ်လျက်ရှိသည်။ **(၃၈၃)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် ပြည်ထဲရေးအသင်းက တပ်မတော်(ကြည်း)ကို အနိုင်ရ

ရန်ကုန် မေ ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထဲရေးအသင်းက တပ်မတော်(ကြည်း)အသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြည်ထဲရေးအသင်းအတွက် ပထမဂိုးကို တင်ဇော်သန်း၊ ဒုတိယဂိုးကို နေလင်းထွန်း၊ တတိယဂိုးကို ချစ်ကိုကိုတို့က သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် ပြည်ထဲရေးအသင်းက သုံးဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားပြီး ဂိုးများသွင်းယူခဲ့ကြရာ ပြည်ထဲရေးအသင်းအတွက် စတုတ္ထဂိုးကို နေလင်းထွန်း၊ ပဉ္စမဂိုးကို ခင်မောင်လွင်၊ ဆဋ္ဌမဂိုးကို နေသူလှိုင်တို့က သွင်းယူပေးသည်။

တပ်မတော်(ကြည်း)အသင်းအတွက် ချေပဂိုး သုံးဂိုးကို နိုင်လင်းက တစ်ဂိုး၊ ကျော်မင်းက နှစ်ဂိုးသွင်းယူပေးသည်။ ပွဲချိန် ၈၅ မိနစ်တွင် တပ်မတော်(ကြည်း)အသင်းက ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ရန်လင်းမောင်က ကန်သွင်းသော်လည်း ပြည်ထဲရေးအသင်းဂိုးသမား စိန်အေး ကာကွယ်နိုင်ခဲ့သည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် နှစ်သင်းစလုံး ပွဲကုန်သွားပြီဖြစ်ရာ ပြည်ထဲရေးအသင်းက ၁၅ ပွဲကစား (၁၅)မှတ်၊ တပ်မတော်(ကြည်း)အသင်းက ၁၅ ပွဲကစား (၉)မှတ် ရရှိကြသည်။

ယနေ့ပွဲ

မေ ၃ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဆုထူးပန် အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂

သဒ္ဓမ္မဇောတိကဓဇ ဆုထူးပန် ဆရာဟန်ကိုယ်တိုင် 'ပြောသလောက်မခက် ခက်သလောက် လွယ်စေရန်' ခေတ်မီ၍ မှတ်သားရလွယ်ကူသော သင်္ကေတနည်းဖြင့် မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတရားတော်များကို အမှတ် ၃၆ ငါးထပ်ကြီးဘုရားလမ်းရှိ ဗြဟ္မဝိဟာရဓမ္မာရုံကြီး၌ မေ ၁၄ ရက် (စနေနေ့) နံနက် ၈ နာရီတွင် စတင်ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ဦးအုန်းခင် ဖုန်း-၅၄၆၁၀၈နှင့် ၅၅၉၆၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ၂၀၀၅ ခုနှစ် ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ခြင်းလုံးခတ်ပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် စတင်ကျင်းပရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်နှင့် အမှုဆောင်များ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် အားကစားမောင်မယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် မြန်မာ့ရိုးရာခြင်းလုံးခတ် ဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အမျိုးသား

အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ကာကွယ်ရေးဝန်ကြီးဌာန (က)အသင်းနှင့် (ခ)အသင်း၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန (က)အသင်းနှင့် (ခ)အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အမျိုးသမီး

အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေး မြို့တော်စည်ပင်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများကို မေ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အခမဲ့ကြည့်ရှုနိုင်

မေ ၃ ရက် **(ယနေ့)** နံနက် ၈ နာရီတွင် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ရိုးရာခြင်းလုံးခတ်ဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

မန်ယူက ချယ်လ်ဆီးကို ဂိုးပြတ်သွင်း အနိုင်ယူ ဒုတိယနေရာအတွက် အာဆင်နယ်ကို ဖိအားပေး

လန်ဒန် မေ ၂

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၃၆) ပြိုင်ပွဲများကို စနေနေ့က ယှဉ်ပြိုင်ကစားကြရာ အမှတ်ပေးဇယားထိပ်ဆုံးရောက် ချယ်လ်ဆီးက ပွဲမကုန်မီ ဘော်လတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အင်္ဂလိပ်ပရီမီယာလိဂ်ဖလားကြီးကို ပိုင်ဆိုင်ခွင့်ရရှိသွားပြီ ဖြစ်သည်။

သို့ရာတွင် လက်ကျန်ပွဲအဖြစ် ချယ်လ်တန်နှင့် မန်ချက်စတာယူနိုက်တက်၊ တော့တင်ဟမ်နှင့် အက်စ်တန်ဗီလာတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်က ချယ်လ်တန်အသင်းကို လည်းကောင်း၊ တော့တင်ဟမ်က အက်စ်တန်ဗီလာအသင်းကိုလည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။

မန်ယူဂိုးပြတ်သွင်း

မန်ချက်စတာယူနိုက်တက်အသင်းသည် ချယ်လ်တန်ကွင်း၌ သွားရောက်ကစားရာတွင် ချယ်လ်တန်အသင်းကို လေးဂိုး-ဂိုးမရှိ သွင်းပြီး ယခုနှစ် ဘောလုံးရာသီတွင် ဂိုးအများဆုံးသွင်းသည့် ပွဲတစ်ပွဲဖြစ်ခဲ့သည်။

ပွဲစလျှင်စချင်း နှစ်ဖက်အသင်းမှ ကစားသမားများသည် ဂိုးများများ သွင်းနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပွဲချိန် ၃၄ မိနစ်တွင် ပေါ်စခိုးလ်က မန်ယူအတွက် ဖွင့်ဆော်ဦး ဂိုးသွင်းယူပေးလိုက်သည်။ သို့ရာတွင် ပေါ်စခိုးလ်သည် ပွဲချိန် ၃၆ မိနစ်တွင် အဝါကတ်ထိ၍ ဖီးလ်နဗီးလ်က ၎င်းအစား ဒုတိယပိုင်းတွင် ဝင်ရောက်ကစားခဲ့ရသည်။

ချယ်လ်တန်နှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် မန်ယူမှ ကလီဘာဆင်(ယာ)**၏ ထိုးဖောက်ကစားမှုကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ပွဲချိန် ၄၄ မိနစ်၊ ၆၂ မိနစ်နှင့် ၆၇ မိနစ်တွင် ဖလက်ချာ၊ အလန်စမစ်နှင့် ရွန်းနေတို့က မန်ယူအတွက် ဒုတိယ၊ တတိယနှင့် စတုတ္ထဂိုးများ အသီးသီးသွင်းပေးခဲ့ကြသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယင်းပွဲနိုင်ခဲ့သဖြင့် ဒုတိယနေရာမှ အာဆင်နယ်အသင်းကို တစ်မှတ်အလိုဖြင့် ဒုတိယနေရာ ပြန်လည်ရယူရန် ဖိအားပေး ခြိမ်းခြောက်လျက်ရှိသည်။ မန်ယူတို့သည် ဖလားနှင့်လွဲခဲ့ရသော်လည်း ဒုတိယနေရာ ပြန်လည်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားခဲ့၍ ပွဲကောင်းတစ်ရပ် ဖြစ်ခဲ့ရသည်။

တော့တင်ဟမ်ဂိုးမိုးရွာ

တော့တင်ဟမ် အသင်းသည် အက်စ်တန်ဗီလာအသင်းကို ဧည့်သည်အဖြစ် လက်ခံကစားပြီး ဂိုးမိုးရွာခဲ့သည်။

တော့တင်ဟမ်အသင်းသည်ပထမပိုင်းတွင်ပင် သုံးဂိုးသွင်းနိုင်ခဲ့သည်။ သို့ရာတွင် အက်စ်တန်ဗီလာအသင်းက ပထမပိုင်း ပွဲပြီးချိန်တွင် ပယ်နယ်တီရရှိရာ ဘာရီက သွင်းယူခဲ့သည်။

တော့တင်ဟမ် အသင်းသည် အက်စ်တန်ဗီလာအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့၍ ဥရောပတွင် ယင်းတို့၏ ဘောလုံးအဆင့်အတန်းကို ထိန်းထားနိုင်ခဲ့သည်။ **(အင်တာနက်)**

စပိန်လာလီဂါ ပွဲစဉ်(၃၅)အနိုင်အရှုံး

ရန်ကုန် မေ ၂

အက်လေတီကို	**၁-၁**	**ဘီလ်ဘာအို**
နျူမန်စီယာ	**၁-၁**	**ဗလင်စီယာ**
ဆိုဆီဒက်	**၀-၂**	**ရီးယဲလ်မက်ဒရစ်**
လီဗန်တေး	**၀-၁**	**မာလာဂါ**
မာယော့ကာ	**၃-၂**	**အက်စ်ပန်ညို**
ရေးဆင်း	**၁-၁**	**ဘက်တစ်**
ဗီလာရီးယဲလ်	**၄-၀**	**ဂီတာဖေး**
ဇာရာဂိုဇာ	**၅-၁**	**အိုဆာဆူနာ**
ဘာစီလိုနာ	**၂-၀**	**အဲလ်ဘာစီတီ**

(မြန်မာ့အလင်း)

အာရှ အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တောင်အာဖရိကမှ အာနီအဲ့စ်ဗိုလ်စွဲ

ရှန်ဟိုင်း မေ ၂

ဘီအမ်ဒဗလျူ အာရှ အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့အဖြစ် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ မေ ၂ ရက်က ကျင်းပရာ တောင်အာဖရိကမှ အာနီအဲ့စ်က သတ်မှတ်ရိုက်ချက်ထက် ၂၆ ချက်လျှော့ရိုက်ပြီး ဆုဖလားကို ဆွတ်ခူးသွားသည်။

၎င်းသည် ယခု အာရှဖလား မတိုင်မီက ဒူဘိုင်းအိုးပင်းဖလားနှင့် ကာတာအိုးပင်းဖလားများကို ဆွတ်ခူးရရှိထားသူဖြစ်သည်။ အာနီအဲ့စ် အဆိုပါဖလားဆွတ်ခူးနိုင်၍ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ဆွတ်ခူးရရှိခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာ့အဆင့်(၃)

အာနီအဲ့စ်သည် ကမ္ဘာ့အဆင့်(၃)ရှိ ဂေါက်သီးအကျော်အမော် တစ်ဦးဖြစ်သည်။

ဗြိတိန်မှ ဆီမွန်ဝိတ်ဖီးလ်က သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျှော့ရိုက်ပြီး ဒုတိယလိုက်ခဲ့သည်။ ဒိန်းမတ်မှ သောမတ်ဘီဂျွန်က တတိယ လိုက်နိုင်ခဲ့သည်။

အာနီအဲ့စ်သည် ယခု အာရှအိုးပင်း ဖလားအပါအဝင် ဖလား ၅၆ လုံး ဆွတ်ခူးပိုင်ဆိုင်ထားသူ ဖြစ်သည်။

သုံးလုံးမြောက်

ယခု အာရှ အိုးပင်းဖလားသည် အာနီအဲ့စ်အတွက် ယခုနှစ်အတွင်း သုံးလုံးမြောက်ဖလား ဖြစ်သည်။

ယှဉ်ပြိုင်

အာရှအိုးပင်း ဂေါက် သီး ရိုက် ပြိုင်ပွဲ နောက်ဆုံးနေ့တွင် တောင်အာဖရိကမှ အာနီအဲ့စ်၏ ဂေါက်သီးရိုက် ယှဉ်ပြိုင်ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်ပပြိုင်ပွဲနှင့်လေ့ကျင့်ရေးအတွက် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်စည်းဝေး

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က သိမ်ဖြူကွင်း ဟော်ကီအဖွဲ့ချုပ် ရုံးခန်းတွင်ကျင်းပရာ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အဆိုပါ အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌနှင့် ပြည်ပရေးရာ တာဝန်ခံ ဦးကျော်နိုင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အားကာသိပ္ပံနှင့် ဘင်္ဂလားဒေ့ရှ် ဟော်ကီအဖွဲ့ချုပ်မှ တာဝန်ယူ၍ အသက်(၂၁)နှစ်အောက် လူငယ် ၂၅ဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကားမြို့၌ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများအတွက် နှစ်လကြာ လေ့ကျင့်ပေးရန် ဇွန်လ ဒုတိယပတ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် မြန်မာ့လက်ရွေးစင်အသင်း ချစ်ကြည်ရေးပွဲများ ယှဉ်ပြိုင်မည့်ကိစ္စ၊ တရုတ်နိုင်ငံ ဟော်ကီအဖွဲ့ချုပ်နှင့်အိန္ဒိယနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့၏ အကူအညီဖြင့် မကြာမီ ယင်းနိုင်ငံများတွင် ဟော်ကီအားကစားသမား မျိုးဆက်သစ်မောင်မယ်များ သွားရောက်လေ့ကျင့်ရန်နှင့်၂၀၀၆ခုနှစ် ကာတာနိုင်ငံ ဒိုဟာမြို့တွင်ကျင်းပမည့် အာရှအားကစားပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

အကြံပြု

ထို့နောက် အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းက စခန်းသွင်းလေ့ကျင့်ရေးကိစ္စများကို ဆွေးနွေးပြီး ယှဉ်ပြိုင်လေ့ကျင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်နှင့် အတွင်းရေးမှူး ဦးကျော်ဌေးသိန်းတို့က ဖြည့်စွက်အကြံပြုကြသည်။ **(သတင်းစဉ်)**

အဘိဓမ္မာသင်တန်းများ ပို့ချပေးမည်

ရန်ကုန် မေ ၂

ရန်ကုန်မြို့ ဗိုလ်တထောင် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓ၊ ဓမ္မစာပေသင်တန်းဆောင် မြတ်ရတနာဓမ္မစာပေ သင်တန်းခန်းမတွင် မေ၇ရက်(စနေနေ့)မှစတင်၍ အပတ်စဉ် (စနေနေ့)တိုင်း အခြေခံအဘိဓမ္မာ ပထမဆင့်သင်တန်း(၂)ကို နံနက် ၉နာရီမှ ၁၁နာရီအထိလည်းကောင်း၊ မေ ၈ ရက် (တနင်္ဂနွေနေ့)မှ စတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အခြေခံအဘိဓမ္မာ ပထမဆင့်သင်တန်း(၁)ကို နံနက် ၉နာရီမှ ၁၁နာရီအထိလည်းကောင်း၊ အဘိဓမ္မာဒုတိယဆင့်ကို မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိလည်းကောင်း၊အဘိဓမ္မာတတိယဆင့်ကို မွန်းလွဲ၂နာရီခွဲမှ ညနေ ၄နာရီခွဲအထိ လည်းကောင်း၊ အဘိဓမ္မာ ဂုဏ်ထူးဆောင်ဋီကာကျော် သင်တန်းကို မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ လည်းကောင်း၊ ဝိသုဒ္ဓိမဂ် သင်တန်းကို နံနက်၉နာရီမှ ၁၁နာရီအထိလည်းကောင်း မြတ်ရတနာ ဗုဒ္ဓ ဓမ္မစာပေသင်တန်းမှ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကိုရဲဝင်းနိုင်(ကိုကို) (ခေတ္တ-U.S.A)ရဲ့ ၃-၅-၂၀၀၅ရက်မှာ ကျရောက်တဲ့ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၀၀တိုင် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အောင်မြင်ခြင်းများနှင့်အတူ သာယာပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ။

ချစ်ဇနီး-ဟန်စုယဉ်(ငယ်ငယ်)
(ခေတ္တ-U.S.A)။

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏ ရေယာဉ်အုပ်လက်မှတ်နှင့် ရေယာဉ်ဝန်ထမ်းစာအုပ်ပျောက်ဆုံးပါ၍ တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။ **ဦးစိန်သောင်း။**





ကိတ္တိမသမီးအဖြစ် မွေးစားခြင်းမှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့မှ ၇-၁၀-၁၉၉၃ရက်တွင် ကိတ္တိမသမီးအဖြစ် မွေးစားခဲ့သော မအိအိခိုင်(ခ)မအိအိခိုင်ဦးသည် ယခုအခါတွင် ၎င်း၏မိခင်ရင်းဖြစ်သူထံ ပြန်လည်နေထိုင်လိုကြောင်း ၎င်း၏ဆန္ဒသဘောအရ မိခင်ရင်းဖြစ်သူ ဒေါ်စိန် ၅/မဒန(နိုင်)၀၃၉၇၅၄ထံသို့ ၄-၄-၂၀၀၅ရက်တွင် မုံရွာမြို့၌ လုပ်ထုံးလုပ်နည်း တရားဥပဒေနှင့်အညီ တရားဝင်ပြန်လည်လွှဲအပ်ကာ ကိတ္တိမသမီးအဖြစ် မွေးစားခြင်းမှစွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောင်တွင် မအိအိခိုင်(ခ)မအိအိခိုင်ဦးနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်သည် မိမိတို့နှင့် သက်ဆိုင်မှုမရှိတော့ပါကြောင်း။

ဒုတိယဗိုလ်မှူးကြီးဆန်းဦး-ဒေါ်ကြူကြူစိုး၊
မုံရွာမြို့။

အမည်ပြောင်း

(အဖ)ဦးထွန်းရွှေ၏သားဖြစ်သူ မောင်ထွန်းထွန်းဦး ၁၀/မလမ(နိုင်)၀၆၀၇၁၁အား နိုင်းနိုင်းဟု ပြောင်းလဲခေါ်ပါရန်။ **နိုင်းနိုင်း။**





ဖွံ့ဖြိုးဝေစည် တနင်္သာရီ

ထားဝယ်ချိုအေး၊ မိုးခေါ်တေးနှင့်
သွေးချင်းပီစွာ၊ တို့မြန်မာလည်း
ဝါပချင်းကို၊ ငြိမ့်ငြိမ့်ဆိုလျက်။
မြန်မာနွတ်မှု၊ သီဆိုပြုကြ
ပုထိုးစေတီ၊ တည်ရာရပ်မြေ
အင်္ဂတေကောင်း၊ ညက်ညက်ထောင်းသော်
မောင်းတေးသီချင်း၊ လေပြည်ညင်းသို့
ဆွေရင်းထားဝယ်၊ မောင်မယ်တူစုံ
ရင်ခုန်မျက်ဝန်း၊ ကြယ်စင်ရွှန်းလျက်
ချစ်ခွန်းချိုအေး၊ ကော်ထောင်းတေးကို
ချွေးသိပ်လှိုက်ဖို၊ ညှိုချွဲပိုလျက်။ ။

မောင်အုန်းသောင်း (မကွေး)

ကော့သောင်းမြို့သည် မြန်မာပြည်၏ တောင်ဘက်အစွန်ဆုံးသော နယ်ခြားမြို့အဖြစ် ဘုရင့်နောင်အငူ ပင်လယ်ကမ်းခြေ၌ တည်ရှိသည်။ အထိမ်းအမှတ် ကျောက်တိုင်တစ်ခုမှာ ယနေ့တိုင်တည်ရှိနေဆဲဖြစ်သည်။ ယခုအခါတွင် ဘုရင့်နောင်မင်းတရား၏ ရုပ်တုသည် ထင်ရှားတင့်တယ်စွာ တည်ရှိနေသည်။

ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သူ ဘုရင့်နောင်မင်းတရား၏ ရုပ်တုအောက်တွင် မြန်မာ့ရေပိုင်နက် ကပ္ပလီပင်လယ်ပြင် တစ်မျှော်တစ်ခေါ်နှင့် ပင်လယ်လေတဟူးဟူးကို ထိတွေ့ခံစားရင်း ဇာတိသွေး၊ ဇာတိမာန်များ တက်ကြွခဲ့ရသည်။

ထိုင်းနိုင်ငံနှင့် သဘာဝနယ်နိမိတ်အဖြစ် စီးဆင်းနေသော ပတ်ချန်မြစ်သည် ကော့သောင်းမြို့အရှေ့ဘက်မှ ကွေ့ဝိုက်၍ ပင်လယ်အတွင်းသို့ စီးဝင်သည်။ ပတ်ချန်မြစ်၏ တစ်ဖက်ကမ်း မိုင်အနည်းငယ်အကွာတွင် ထိုင်းနိုင်ငံ၏မြို့ငယ် ရနောင်းမြို့ တည်ရှိနေသည်။

ကော့သောင်းကို ထိုင်းဘာသာဖြင့် ကော်စွန်းဟုခေါ်သည်။ မလေးဘာသာဖြင့် ပူလိုဒူအာဖြစ်သည်။ နှစ်ဘာသာစလုံး၏အဓိပ္ပာယ်မှာ ကျွန်းညီနောင်ဖြစ်သည်။ မြန်မာအခေါ် ကော့သောင်းဟူ၍ ဖြစ်သည်။

မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်ပိုင်းသို့ မိုင် ၅၀၀မျှ မြေကြောဆန့်လျက်ရှိသည့် တနင်္သာရီတိုင်း၏ တောင်ဘက်အစွန်းမှာ လှပစွာတည်ရှိနေသည့် ကော့သောင်းကို သတိရနေမိသည်။

စာရေးသူသည် ကော့သောင်းလေဆိပ် အသစ်ကြီးမှအထွက်တွင် ‘ပြည်တော်အေး’ဘုရားသို့ ဝင်ရောက်ဖူးမြော်ခဲ့သည်။ ဘုရားမှ ကော့သောင်းသင်္ဘောဆိပ်သို့ ဆင်းခဲ့သည်။ စာရေးသူမှာ ကော့သောင်းမှမြိတ်၊ မြိတ်မှ ထားဝယ်သို့သွားရန် အစီအစဉ်ရှိသည်။ ကော့သောင်းဆိပ်ကမ်းတွင် အရန်သင့်တွေ့သည့် ‘သံလွင်’ ခရီးသည်တင် အပျော်စီးသင်္ဘောကြီးကို တက်စီးလိုက်ပါလာသည်။

အပျော်စီးသင်္ဘောကြီးက ငြိမ့်ညောင်းကောင်းမွန်လှသည်။ စာရေးသူ အိပ်ပျော်နေစဉ် မြိတ်မြို့သင်္ဘောဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီး မြိတ်မြို့မှာ ပေါ်ထွန်းလာသည်။ မြိတ်မြို့ကို အအေးခန်း ငါး၊ ပုစွန် စက်ရုံကြီးများ၊ ရော်ဘာခြံ၊ ဆီအုန်းခြံ၊ ဒူးရင်း၊ မင်းကွတ်၊ ကွမ်းသီးခြံများ ဝန်းရံလျက် တည်ရှိနေပါသည်။

စာရေးသူသည် မြိတ်ကျွန်းစု၏ တောင်ပိုင်းကျွန်းများထဲတွင် စက်လှေတစ်စင်းနှင့် လှည့်လည်၍ လေ့လာခဲ့သည်။

မစ္စတာဂျီပီအင်ဒရူးပြုစုသော မြိတ်ခရိုင် ဂဇက်တီးယားစာအုပ် (Mergui District Gazetteer-By Mr.G.P.Andrew)တွင်“မြိတ်ကျွန်းစုရှိ အကြီးဆုံးကျွန်းမှာ စတုရန်းမိုင်ပေါင်း ၁၇၀ ကျယ်ဝန်း၍ ကျွန်းပေါင်း ၈၀၄ ကျွန်းပေါင်းစပ်ဖွဲ့စည်းထားသည်”ဟု ဖော်ပြပါရှိသည်။

မြိတ်ကျွန်းစုသည် ရေအောက်သယံဇာတများနှင့် ကြွယ်ဝလှပေသည်။ ကျွန်းအသီးသီးရှိ တောင်စောင်း၊ တောင်ကမ်းပါးယံတို့တွင် သဘာဝအားဖြင့် ဖြစ်ပေါ်နေသော၊ တန်ဖိုးရှိသော ငှက်သိုက်များသည် မြိတ်ကျွန်းစု၏ ထွက်ကုန်တစ်ရပ် ဖြစ်နေသည်။ ကျွန်းများတွင် လူနေသည်လည်းရှိသည်။ လူမနေသော ကျွန်းများလည်း အမြောက်အမြား ရှိနေပေသည်။ သစ်ပင်မပေါက်ဘဲ ကျောက်ဆောင်၊ ကျောက်တန်းနှင့်ကျောက်လိုဏ်ဂူတို့သာရှိသော ကျောက်တောင်ကျွန်းများလည်းရှိသည်။

ဖြူဖွေးသော သဲသောင်ယံများ ပတ်လည်ဝိုင်းနေသော ကျွန်းများလည်းရှိသည်။ အချို့ကျွန်းများမှာ သစ်တောအုပ်များ ဖုံးလွှမ်းနေပြီး ပေထောင်ကျော်မြင့်သော တောင်များရှိသည်။ ကျွန်းများ တစ်ခုနှင့်တစ်ခုအကြားရှိ ရေလက်ကြားများတွင် ဒီရေသည် အလွန်တရာမြန်ပြီး ပင်လယ်ဝဲများ ဖြစ်ပေါ်နေတတ်သည်။ ပင်လယ်ကွေ့များနှင့် ကျွန်းရေလက်ကြား ပင်လယ်အော်များအစပ်တွင် ပင်လယ်လိပ်ကြီးများ ကျက်စားလေ့ရှိသည်။ ပင်လယ်မျှော့များ ပျော်သော ကျောက်တန်းတို့သည် ရေအောက်တွင် မြုပ်နေတတ်သည်။ သဲသောင်ပြင်များသည် ကမာခွံများ၊ ခရုမျိုးစုံများ၏ အရောင်အဆင်းမျိုးစုံတို့ဖြင့် နေရောင်အောက်တွင် တလက်လက် တောက်ပနေသည်မှာ ကြည်နူးဖွယ်ကောင်းလှသည်။ မြိတ် ပုလဲသည် ကမ္ဘာ့ဈေးကွက်ဝင်၍ ကမ္ဘာကျော်လျက်ရှိသည်။

တနင်္သာရီတိုင်း၏ အကျယ်အဝန်းမှာ ၁၃၇၃၆ စတုရန်းမိုင်ရှိပြီး မြို့နယ် ၁၀ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာပေါင်း ၃၁၇ခုဖြင့် ဖွဲ့စည်းထားရှိသည်။ တိုင်းအတွင်း လူဦးရေ စုစုပေါင်း ၁၅၃၇၀၀၀ ကျော် နေထိုင်ကြသည်။ ထားဝယ်မြို့သည် တနင်္သာရီတိုင်း၏ မြို့တော်ဖြစ်သည်။ တနင်္သာရီတိုင်း၏ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်ပြင်တို့ ရှိကြသည်။ ထားဝယ်မြို့နယ်ရှိ မောင်းမကန်ပင်လယ်ကမ်းခြေသည် ကျယ်ပြန့်သော သဲသောင်ပြင်ရှိပြီး ရှုခင်းသာယာသောကြောင့် အများပြည်သူများ အပန်းဖြေအနားယူသည့် ရေချိုးဆိပ်ဖြစ်သည်။ တိုင်းအတွင်း ဗမာ၊ ကရင်၊ ထားဝယ် စသည့်တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်နေ့တွင် ကော့သောင်းမြို့ မဇ္ဈိမသကခန်းမ၌ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လမ်းညွှန်မှာကြားစဉ်–

“မိမိအနေဖြင့် ကော့သောင်းမြို့သို့ ၁၉၆၂ခုနှစ်ခန့်တွင် ပထမအကြိမ်စတင်ရောက်ရှိခဲ့ဖူးကြောင်း၊ ထိုစဉ်က ကော့သောင်းမြို့သည် အိမ်ခြေသုံးလေးရာခန့်သာရှိကြောင်း၊ မိမိတို့လက်ထက်တွင် မဖွံ့ဖြိုး မတိုးတက်သေးသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် မူဝါဒချမှတ်ပြီး နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဇောက်ချဆောင်ရွက်ခဲ့ရာ ကော့သောင်းဒေသသည် ခရိုင်အဆင့်သို့ ပြောင်းလဲတိုးတက်ခဲ့ပြီ ဖြစ်ကြောင်း၊ အလားတူ စီးပွားဖွံ့ဖြိုး တိုးတက်မှုအတွက်လည်း လူ၏အားထုတ်မှု၊ ပြုပြင်ဖန်တီးဆောင်ရွက်မှုများကို အခြေခံ၍ ဒေသ၏ စီးပွားရေးလုပ်ငန်းများ ဖြစ်သော ငါး၊ ပုစွန်လုပ်ငန်း၊ ဆီအုန်း၊ ရော်ဘာ အပါအဝင် နှစ်ရှည်ပင် စိုက်ပျိုးခြင်းလုပ်ငန်းကို ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင် ထိထိရောက်ရောက် လုပ်ကိုင်ကြရန် လိုအပ်ကြောင်း။

ဆီအုန်းစိုက်ဧက ငါးသိန်း အပြည့်အဝရှိရေးအတွက် နှစ်အလိုက် မှန်မှန်ကန်ကန် စိုက်ပျိုးရန်လိုကြောင်း၊ ဆီအုန်းဧကပြည့်မီပြီး စားအုန်းဆီ မြန်မြန်ထွက်လာမှ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် အမြန်ဖြစ်ပေါ်လာမှာ ဖြစ်ကြောင်း၊

၂၀၀၇–၂၀၀၈ခုနှစ်တွင် နိုင်ငံတော်၌ စားသုံးဆီ ဖူလုံရမည်ဆိုသည့် မျှော်မှန်းချက်ထားရှိပြီး ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး ဝိုင်းဝန်းစိုက်ပျိုး အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်း။”

မိန့်ကြားခဲ့သည်။

တိုင်းအတွင်း မှီတင်းနေထိုင်သည့် လူဦးရေသည် ၁၅သိန်းကျော်ခန့်သာရှိပြီး မြေသယံဇာတ၊ ရေသယံဇာတ၊ သတ္တု သယံဇာတ၊ ရေထွက်ပစ္စည်းသယံဇာတ အခြေအနေများသည် အလျှံအပယ် များပြားသည်။

တနင်္သာရီတိုင်းအတွက် အဓိက အရေးပါသည့် ထားဝယ်–မြိတ်၊ တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်း ပြည်ထောင်စုလမ်းမကြီးတွင် ၁၉၈၈ ခုနှစ်မှစပြီး ဝင်းဝတံတား၊ ပုလောက်တံတား၊ ပုလောတံတား၊ ပသောင်းတံတား၊ တနင်္သာရီတံတား၊ ကျွဲကူး–ကျောက်ဖျာတံတားနှင့် လေညှာ–မဏ္ဍိုင်တံတားစသည့် တံတားကြီးခုနစ်စင်း အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည့်အတွက် ဒေသတစ်ခုနှင့်တစ်ခုအကြား သွားရေးလာရေးသည် မြန်ဆန်လွယ်ကူသွားပြီ ဖြစ်သည်။

သွားမှု၊ လာမှု ခက်ခဲခဲ့သည့် တနင်္သာရီ၊ လေညှာ၊ မဏ္ဍိုင်၊ ဘုတ်ပြင်း၊ ဟန်ကပြူ၊ ကရသူရိ စသည့်ဒေသများသည် ယခုအခါ မော်တော်ကားလမ်းကြောင်းဖြင့် ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သည်။ လမ်းတစ်လျှောက်လုံး၌ လိုအပ်သည့် အခြေခံအဆောက်အအုံများကို တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်သည်။

တနင်္သာရီတိုင်းတွင် ဒေသတွင်း စိုက်ပျိုးထွက်ရှိသည့် စပါးသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုလာပြီး ဆန်ဖူလုံမှုရာခိုင်နှုန်းသည် မြင့်တက်လျက်ရှိသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ခန့်က တနင်္သာရီတိုင်း၏ စပါးစိုက်ဧကသည် ၁ဒသမ၉သိန်းကျော်ခန့်ရှိရာ ယခုအခါ မိုးစပါး ၃ဒသမ၂သိန်းအထိ တိုးတက်စိုက်ပျိုးနေပြီး ဝမ်းစာစပါးဖူလုံမှုအခြေအနေသည် ၉၉ရာခိုင်နှုန်းကျော်အထိ ရရှိနေပြီ ဖြစ်သည်။

နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်အရ ဆောင်ရွက်နေသည့် ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းတွင်လည်း တိုင်းရင်းသားလုပ်ငန်းရှင်များသည် ဆီအုန်းဧက တစ်သိန်းကျော်ကို လက်တွေ့စိုက်ပျိုးနေပြီ ဖြစ်သည်။

ဆက်လက်ပြီး ဆီအုန်းများ ထပ်မံတိုးချဲ့စိုက်ပျိုးနေသကဲ့သို့ ဆီအုန်းသီးများစတင်ထွက်ပေါ်လာပြီ ဖြစ်သည့်အတွက် ဆီကြိတ်စက်ရုံများလည်း စတင်ထူထောင်နေသည်ကို မြင်တွေ့နိုင်ပြီဖြစ်သည်။ အလားတူပင် ရော်ဘာတိုးချဲ့စိုက်ပျိုးရေးအစီအမံများသည်လည်း သိသာစွာ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

တနင်္သာရီတိုင်း၏ ရေ၊ မြေ၊ သယံဇာတ အခြေအနေအရ အခြေအနေအပေးဆုံးဖြစ်သည့် သားငါးကဏ္ဍသည်လည်း အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည်။ ပင်လယ်ပြင် ငါး၊ ပုစွန် ဖမ်းဆီးရေးလုပ်ငန်းအပြင် ငါး၊ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းများနှင့် ငါး၊ ပုစွန်အပေါ် အခြေခံသည့် ရေခဲစက်ရုံ၊ အအေးခန်း၊ ငါး၊ ပုစွန်အမှုန့်ကြိတ်စက်ရုံစသည့် စက်ရုံများသည် မြိတ်ဒေသပတ်ဝန်းကျင်၌ စည်ကားစွာပေါ်ထွက်လာနေသည်မှာ ကိုယ်တွေ့မျက် မြင်ပင်ဖြစ်သည်။

မိုင်ပေါင်း ၄၄၀ ကျော်ရှိသည့် ထားဝယ်–မြိတ်–ဘုတ်ပြင်း–ကော့သောင်း ပြည်ထောင်စုလမ်းမကြီးသည် လက်တွေ့ကျကျ ရုပ်လုံးပေါ်လာပြီဖြစ်သည်။

တနင်္သာရီတိုင်း မြိတ်မြို့ ရေပုန်းရပ်ကွက်တွင် ခေတ်မီသပ်ရပ်လှသော ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ၁၉၉၉ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် စတင်ဆောက်လုပ်ပြီး ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၈၈ခုနှစ်မတိုင်မီက ခုတင်(၁၀၀)ဆံ့ ဆေးရုံသာရှိ၍ ဆေးရုံနှင့် လူနာမမျှတဘဲရှိနေခဲ့သည်။ ယနေ့ နိုင်ငံတော်က ငွေကျပ်၃၇၄၂သိန်းအကုန် အကျခံကာ ဆောက်လုပ်ပေးထားခြင်းဖြစ်သည်။ ကော့သောင်းမြို့၌လည်း ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကို ၂၀၀၅ခုနှစ် ဧပြီလက ဖွင့်လှစ်ပေးခဲ့သည်။

တနင်္သာရီတိုင်း၏ ရေ၊ မြေ၊ သယံဇာတအခြေအနေအရ အခြေအနေအပေးဆုံးဖြစ်သည့် သားငါးကဏ္ဍသည်လည်း အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည်။ ပင်လယ်ပြင် ငါး၊ပုစွန်ဖမ်းဆီးရေး လုပ်ငန်းအပြင် ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးလုပ်ငန်းများနှင့် ငါး၊ ပုစွန်အပေါ်အခြေခံသည့် ရေခဲစက်ရုံ၊ အအေးခန်း၊ ငါး၊ ပုစွန် အမှုန့်ကြိတ်စက်ရုံ စသည့် စက်ရုံများသည် မြိတ်ဒေသပတ်ဝန်းကျင်၌ စည်ကားစွာ ပေါ်ထွက်လာနေသည်မှာ ကိုယ်တွေ့ မျက်မြင်ပင် ဖြစ်သည်။

စာရေးသူတို့သည် မြိတ်တက္ကသိုလ်ဝင်းကြီးထဲတွင်လည်းကောင်း၊ မြိတ်မြို့ အစိုးရကွန်ပျူတာ ကောလိပ်ဝင်းကြီးထဲတွင်လည်းကောင်း၊ မြိတ်တက္ကသိုလ်မှ အဏ္ဏဝါသိပ္ပံဌာနကိုလည်းကောင်း၊ မြိတ်တက္ကသိုလ်ကို သင်ကြားပေးလျက်ရှိသည့် အဏ္ဏဝါသိပ္ပံဘာသာရပ်နှင့် ကျွန်းများ၏ လေ့လာမှတ်သားဖွယ်ရာများကိုလည်းကောင်း သွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

တနင်္သာရီတိုင်းအတွင်းရှိ မြိတ်မြို့သည် ရပ်ကွက်ပေါင်း၁၂ခုရှိပြီး ရက်ကွက်ခြောက်ခုတွင် နေထိုင်သည့်လူဦးရေမှာ ထူထပ်သိပ်သည်းလျက်ရှိသည်။ မြို့နယ်အတွင်း ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ သားငါးလုပ်ငန်း အခြေခံတို့ကြောင့် မြိတ်မြို့မှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး မြို့၏လူဦးရေမှာလည်း တိုးပွားလာခဲ့ပြီဖြစ်၍ မြိတ်မြို့သစ်အဖြစ် တိုးချဲ့သွားရန် ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်း၌ ဆီအုန်း၊ရော်ဘာ၊ငါး၊ပုစွန်လုပ်ငန်းများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပေးခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာခဲ့သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားရေးနှင့် တနင်္သာရီတိုင်း၏ စီးပွားရေးသည် ဆက်စပ်လာခဲ့ပြီး တိုင်း၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်ကာ လူတစ်ဦးချင်းဝင်ငွေပါ မြင့်မားတိုးတက်လျက်ရှိနေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အမှတ် ၁၈ ရန်ပြေ ၁၄လမ်း အနောက် (၃)ရပ်ကွက် သာကေတမြို့နယ်ရှိ ဦးညြ–ဒေါ်သန်းနု မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃင်္န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

(မြန်မာ့အလင်း)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်သူသူအေးတို့ ကြီးကြပ်ဆောင်ရွက်သော ဆီမီးခုံ–ငါ့နန်း–နံ့သာလှိုင် ကျေးရွာချင်းဆက်လမ်းကို မတ် ၂၇ ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အကြိမ်(၈၀)မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၂

မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း ၁၁၀ ပဲခူးကျောင်းတိုက်မှ ရပ်ကွက်သံဃနာယက အကျိုးတော်ဆောင် အရှင်တေဇလူမှုထူးချွန်ဆု(ပထမဆင့်) **(အပေါ်ယာပုံ)** သည် ဧပြီ ၂၅ ရက်က ရန်ကုန်ပြည်သူ့ ဆေးရုံကြီး ဗဟိုအမျိုး

သားသွေးလှူဘဏ်တွင် အကြိမ်(၈၀) မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ဂုဏဝိသိဋ္ဌ ပူဇာသဘင်ကျင်းပမည်

ရန်ကုန် မေ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကံလှကျေးရွာရှိ သီရိမင်္ဂလာ ကံလှပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ အာဒိစ္စ၏ ဂုဏဝိသိဋ္ဌ ပူဇာသဘင် အခမ်းအနားကို မေ ၁၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနား အောင်မြေသာစံမြို့နယ်တွင် ကျင်းပ

မန္တလေး ဧပြီ ၂၂

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ်၂၅ရက် နံနက် ၉နာရီက မန္တလေး အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ခင်မာဆောင်းက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ဖတ်ကြားသည်။ **(အောက်ပုံ)**

ဆုချီးမြှင့်

ဆက်လက်၍ တီဘီဝေဒနာရှင်များအား စေတနာရှေ့ထားပြီး ဆေးတိုက်ကျွေးခဲ့ကြသောသူများအား ဂုဏ်ပြုဆုပေးပွဲကျင်းပရာ ပထမ မင်းကဲအီကင်း ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးခိုင်၊ ဒုတိယမြို့နယ် ကျန်းမာရေးဦးစီးဌာန အခြေခံကျန်းမာရေးဝန်ထမ်း ဒေါ်ခင်စန္ဒာမြင့်၊ တတိယမြို့နယ်ကြက်ခြေနီအသင်းမှ တပ်စုမှူး ဦးမြင့်ဝင်းတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၁၆၂)**

တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဂန့်ဂေါ၌ကျင်းပ

ဂန့်ဂေါ ဧပြီ ၁၅

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ်၂၄ ရက် နံနက်က ဂန့်ဂေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာဂန့်ဂေါ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ မောင်မောင်စိန်က ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၀၄ခုနှစ် အတွင်း တီဘီသလိပ်ပိုးတွေ့လူနာ ရှာဖွေနိုင်မှုဆုများ ချီးမြှင့်ရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပေးကြသည်။ **(၂၇၃)**

ဧပြီ၇ရက်က မကွေးမြို့ မြို့မဈေးကြီး၌ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေး ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။
(မြို့နယ်စည်ပင်)

မော်ကျွန်း၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်

မော်လမြိုင်ကျွန်း ဧပြီ ၂၈

မော်လမြိုင်ကျွန်းမြို့နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်ပွဲနှင့် ဆွမ်းဆန်တော်လှူဒါန်းပွဲကို ဧပြီ ၂၁ရက်မွန်းလွဲ ၁နာရီက မော်လမြိုင်ကျွန်းမြို့ ဝေဇယန္တာဓမ္မဗိမာန်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် မွန်ပြည်နယ်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိပိဋကရေခမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရမော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကမ်းနားကျောင်း ဆရာတော် ဘဒ္ဒန္တ ကောဝိဒ၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ပျားမွတ်လျှော်ချောင်း ဆရာတော် ဘဒ္ဒန္တ ဝါသဝနှင့်ပင့်သံဃာတော်၁၃ပါးတို့အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် တိပိဋကရေခမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသအား မွန်ပြည်နယ်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က ဆွမ်းဆန်တော်၂၇၃ အိတ်ကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(ဓ၉၇)**



စာချဘုန်းကြီးနှင့် ကျောင်းထိုင်ဘုန်းကြီးများ ဝိပဿနာ အခြေခံတရားစခန်း ကြို့ပင်ကောက်၌ဖွင့်မည်

ကြို့ပင်ကောက် ဧပြီ ၂၀

ကြို့ပင်ကောက်မြို့ ဇောတိရိပ်သာကျောင်းတိုက်၏ ပဓာနနာယက ပြည်တွင်း၊ ပြည်ပသာသနာပြု (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ သောနက ဆရာတော်သည် ၁၃၆၇ ခုနှစ် ကဆုန်လဆန်း၁ရက်မှ ကဆုန်လဆန်း၁၀ရက်၊ (မေ ၈ရက်မှ မေ ၁၇ရက်) အထိ ၁၀ရက်တိုင်တိုင် စာချဘုန်းကြီး၊ ကျောင်းထိုင် ဘုန်းကြီးများနှင့် ငါး၀ါရအလယ်တန်းအောင် စာသင်သားများကိုလည်း ဝိပဿနာ အခြေခံတရားစခန်း ဖွင့်လှစ် ဟောပြောပြသမည်ဖြစ်ရာ မေ ၇ရက်အရောက် ကြို့ပင်ကောက်မြို့၊ဇောတိရိပ်သာကျောင်းတိုက်သို့ သာသနာဝင်မှတ်တမ်း တစ်ပါတည်းနှင့်အတူ ကြွရောက်တော်မူကြရန်နှင့် တရားစခန်း ဝင်ရောက်လိုသူများအနေဖြင့် ကြို့ပင်ကောက်မြို့ ဇောတိ ရိပ်သာကျောင်း ဖုန်း-၀၅၃-၂၅၅၁၄ လိုင်း၅၁၊ ဇီးကုန်းမြို့ သုံးထပ်ကျောင်း ဖုန်း-၀၅၃-၂၅၅၁၃ လိုင်း၂၄၇ နှင့် မင်းလှမြို့စံကျောင်း ဖုန်း-၀၅၃-၃၀၂၂၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျိုင်းတုံမြို့နယ် ဝမ်ဝိုးကျေးရွာတွင် အသင်းဝင်အဆိုပြုလွှာပေးအပ် အထူးကုဆရာဝန်အဖွဲ့ ဒေသခံတိုင်းရင်းသားများအားဆေးဝါးကုသပေး

ကျိုင်းတုံ ဧပြီ ၂၈

ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ဝမ်ဝိုးကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း ဦးစီးသော ပြည်နယ်၊ ခရိုင်၊မြို့နယ် အသင်းဝင်များ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် အဆိုပြုလွှာများကို ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူပြီး **(အပေါ်ပုံ)** ကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့သို့ ဝတ်စုံများ ပြန်လည်ပေးအပ်သည်။ ထို့နောက် မြို့နယ် ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ရှိန်က အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)ရောဂါနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်နယ် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး တာဝန်ခံ ဒေါက်တာ စိုင်းနော်ငင်းက ငှက်ဖျားရောဂါအကြောင်းကို လည်းကောင်း ဟောပြောသည်။ ဆက်လက်၍ ကျိုင်းတုံမြို့နယ် ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်စိုးဦးဆောင်သောအထူးကုဆရာဝန်အဖွဲ့က ဒေသခံတိုင်းရင်းသားများအား ရောဂါရှာဖွေခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ဆေးဝါးများ ဝေငှခြင်းတို့ကို ဆောင်ရွက်ပေးရာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့က လှည့်လည်အားပေးကြည့်ရှုကြကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

ကောက်စိုက်စက်ဖြင့် ရွှေသွယ်ရင် နွေစပါးစိုက်ပျိုး

မြစ်ငယ် ဧပြီ ၂၀

မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်သည် မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူးကျော်ကျော်နှင့်တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၉ရက်နံနက် ၈နာရီက အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု မုတ်ပုလဲကွင်း တောင်သူဦးသန်းညွန့်၏ ကွင်းအမှတ် ၅၈၇၊ ဦးပိုင်အမှတ် ၆ တွင် ကောက်စိုက်စက်ဖြင့် ရွှေသွယ်ရင် နွေစပါးစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်သည် မျိုးသန့်အထူးစိုက်ပျိုးထားသော ရွှေသွယ်ရင် နံ့ခက်ပျိုးခင်းအားကြည့်ရှုစစ်ဆေးရာ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသိန်းအောင်က ဆောင်ရွက်စိုက်ပျိုးထားရှိမှု လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌသည် တောင်သူဦးသန်းညွန့်၏ ရွှေသွယ်ရင် နွေစပါး သုံးဧကအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **(၂၀၉)**

ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်လိုသည့် နောက်ခံအတွင်းရေးများဖော်ထုတ် ဒီမိုကရေစီတည်ဆောက်ရေး အမြင်ကျဉ်းသည့် နှောင့်ယှက်မှုများ ဖယ်ရှား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

✡ **ရွှေဖုံးမှ**

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သမိုင်းကပေးခဲ့သည့် ဘိုးဘွားအမွေအနှစ်

❑ ပုဂံခေတ် အနော်ရထာမင်းစောသည် စည်းလုံးညီညွတ်ပြီး အင်အားခိုင်မာတောင့်တင်းသည့် အချုပ်အခြာအာဏာပိုင် ပထမမြန်မာနိုင်ငံတော်ကို လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ခန့်က တည်ထောင်နိုင်ခဲ့၊ တောင်ငူခေတ်တွင် ဘုရင့်နောင်က ဒုတိယမြန်မာနိုင်ငံတော်နှင့် ကုန်းဘောင်ခေတ်မှာ အလောင်းဘုရားက တတိယမြန်မာနိုင်ငံတော်အဖြစ် စည်းလုံးညီညွတ်မှု၊ အင်အားခိုင်မာ တောင့်တင်းမှုဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ကို တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်ခဲ့ကြ၊

❑ အချုပ်အခြာအာဏာပိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် သမိုင်းကပေးခဲ့သည့် ဘိုးဘွား အမွေအနှစ်ဖြစ်။